mgyoe.com
SAMPLE BOOK

# မျက်ကွယ်မြှစ်

စိုးဘားနိုင်



mgyoe.com

mgyoe.com SAMPLE BOOK

မင်းတို့လည်း ရှုံးမှုးကြတာပဲ။
မင်းတို့ ရှုံးလို့ဆိုပြီး ကိုယ့်ကိုယ်ကို
သတ်သလား၊ ချက်စားကြလား



illustrated by mar na

မျက်ကွယ်မြစ် ( စိုးဘားခိုင် )
9 782023 000342

mgyoe.com

mgyoe.com SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၃၄)

ပုံနှိပ်မှတ်တမ်း




စိုး ဘား ဒိုင်

မျက်ကွယ်မြစ်

ထုတ်ဝေသည့်အကြိမ် ♦ ပထမအကြိမ်၊ ၂၀၂၃ ခုနှစ်၊ မေလ

မျက်နှာဖုံးဒီဇိုင်း ♦ မာထာ

အတွင်းဒီဇိုင်း ♦ ခိုင်ဇင်ထွန်း

ထုတ်ဝေသည့်အုပ်ရေ ♦ ၅၀၀

စာအုပ်တန်ဖိုး ♦ ၆၀၀၀ ကျပ်

ထုတ်ဝေသူ ♦ ဦးပြည့်အာကာ(ဝ၃ဝ၉၄-စာရိပ်မြိုင်စာပေ)
အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်းမကြီး
ဗိုလ်ချုပ်လမ်းနဲ့ အနော်ရထာကြား၊ ကျောက်တံတားမြို့နယ်။

ပုံနှိပ်သူ ♦ ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (ဝ၁၅၃၃)
အမှတ် ၁၁၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး ♦ ကိုလတ်စာပေ
အမှတ် ၂၀၀၊ ၃၁ လမ်းအထက်၊ ရန်ကုန်မြို့။
ဖုန်း ဝ၉ ၅၀၂၀ဝ၆ဂ၊ ဝ၉ ဂဂ၅၀၂၀ဝ၆ဂ၊ ဝ၉ ၂၆၅၀၂၀ဝ၆ဂ

စိုး ဘား ဒိုင်
မျက်ကွယ်မြစ် / စိုး ဘား ဒိုင်။ ရန်ကုန်
စာရိပ်မြိုင်စာပေ။ ၂၀၂၃။
စာမျက်နှာ - ၁၉၂။ ၁၃. ၉၇ စင်တီ × ၂၀. ၃၂ စင်တီ
(၃၄) မျက်ကွယ်မြစ်

mgyoe.com

mgyoe.com SAMPLE BOOK


## ၂၀၂၃ ခုနှစ်အတွင်း ထွက်ရှိပြီးသော စာအုပ်များ

**၁၈**

**နှင်းနှင်းစနေ**

နှလုံးသားနက်နက်မှာ ပွင့်တဲ့ ပန်း





**၂၃**

**ညီလေးငယ်**

အဝါရောင် ကောင်းကင်

**၁၉**

**ကိုလေးမြတ်**

ကားဂိတ်





**၂၄**

**ပျိုး**

ဖယောင်း ဥယျာဉ်

**၂၀**

**လင်းရောင်နီ၊စဝေ၊**

ဒေါင်းမြရီ





**၂၅**

**သက်ပိုင်မြန်မာပြန်**

သမီးရတနာ

**၂၁**

**ရွှေဥဒေါင်း**

စစ်ရှုံးသူ





**၂၆**


**နှင်းနှင်းစနေ**


ပျော့ရွှင်ဖို့ ဒီလောက် မခက်ခဲပါစေနဲ့

**၂၂**

**နှင်းနှင်းစနေ**

နေကြာပန်းလေးတစ်ပွင့်လို ပြုံးပါ





**၂၇**

**ထက်ဘုန်းရှိန်**

မင်းရဲ့ ကိုယ်ပိုင်ပုံစံလေးအတိုင်းသာ

mgyoe.com

mgyoe.com
SAMPLE BOOK

စာရိပ်မြိုင်


# ၂၀၂၃ ခုနှစ်အတွင်း ထွက်ရှိပြီးသော စာအုပ်များ

၂၈

**နိုင်းနိုင်းစနေ**

မသွားရရင် သေနိုင်တယ်





၃၁

**ဝေ၊စီးပွားရေးတက္ကသိုလ်၊**


ဆူးဖယ်လက်

၂၉

**ဒေါက်တာအောင်၊ဆေး-၂**

အတွေးတို့၏ ဆွဲငင်အား





၃၂


**ညိုထွန်းလူ**

ငါတို့ ရှာပြန်ကြရအောင်

၃၀

**သစ်ခက်အိမ်**

ဘာညာကွိကွ





၃၃

**လင်းရောင်နီ၊ဓနဘော**

ရွှေလွှန်းပျံ ဘယ်ညာခတ်ပါလို့



၃၄

**စိုးဘားဒိုင်**

မျက်ကွယ်မြစ်

mgyoe.com

mgyoe.com SAMPLE BOOK

# မျက်ကွယ်မြစ် အကြိုစကား

ရွာကို မရောက်ဖြစ်တာ ဆယ်စုနှစ် နှစ်ခုစာမက ကြာမြင့်ခဲ့ပြီးနောက် ရောက်သွားခဲ့တဲ့အခေါက်က ကိုအေးဘ(နာမည်ပြောင်းထားတဲ့ ရုပ်ဆွေရုပ်မျိုး အစ်ကို) ကို ကျွန်တော် သွားတွေ့နှုတ်ဆက်တယ်။ ကိုအေးဘတို့ ခြံပေါက်ဝက တည်းက ကိုအေးဘကို ကျွန်တော်မြင်လိုက်တယ်။ အိမ်အောက်က စင်ပေါ်မှာ ထိုင်နေတယ်။ ကျွန်တော်က ခြေသံကိုဖွပြီး တိတ်တိတ်ကလေး ဝင်လာတော့ ကိုအေးဘက သူ့နံဘေးမှာချထားတဲ့ ဝါးရင်းတုတ်တွေထဲက တစ်ချောင်းကို အသာ ယူလိုက်တယ်။

ဝါးရင်းတုတ်ရဲ့ ပေါ့တဲ့ အဖျားပိုင်းကို လက်ထဲ သေချာဆုပ်ကိုင်လိုက် တယ်။ ဝါးရင်းတုတ် ဆုပ်ကိုင်ထားတဲ့ ညာလက်ကို သူ့ကျောဘက်ဆီ ပို့လိုက်ပြီး ညာလက်ကို မြှောက်လိုက်တော့ ဝါးရင်းတုတ်ကလည်း လက်ထဲကနေ မြှောက်သွား တယ်။ ကိုအေးဘလို့ ကျွန်တော် နှုတ်ဆက်လိုက်တော့ ဆယ်စုနှစ် နှစ်ခုကျော်က ကျွန်တော့်အသံကို မှတ်မိသွားပြီး “မောင်နိုင် လာဟေ့” လို့ ခေါ်လိုက်တယ်။

“မင်းနှုတ်ဆက်လိုက်တာ နည်းနည်းစောသွားလို့။ မဟုတ်ရင် ဝါးရင်း တုတ်ပျံရောက်လာပြီ” လို့ ကိုအေးဘက ရယ်ရယ်မောမော ပြောတယ်။ ကိုအေးဘ နံဘေးဝင်ထိုင်ပြီး၊ ကျွန်တော် လက်ဆောင်ဝယ်လာတဲ့ ကိတ်မုန့်လက်ဆောင်ပေး လိုက်တယ်။ ကိုအေးဘဟာ ကျွန်တော်လာလည်တာကို ပျော်သွားပြီး စကားတွေ

mgyoe.com

mgyoe.com SAMPLE BOOK

တွန်းပြောနေတော့တယ်။ ကျွန်တော် သိပြီးသားတွေရော၊ ကျွန်တော် မသိသေးတာတွေရော အစီအစဉ်ကျပါပဲ။

သူပြောတာတွေကို ကျွန်တော် ပြန်ရေးကြည့်လိုက်တော့ "မျက်ကွယ်မြစ်" ဆိုတဲ့ ဝတ္ထု ဖြစ်လာပါတယ်။ သူပြောသမျှအကုန်တော့ မဟုတ်ဘူး။ နောက်ပိုင်းကို ကျွန်တော် ချန်ထားလိုက်ပါတယ်။ ဆို့နစ်ကြေကွဲဖွယ်ရာ အဖြစ်အပျက်မှန်တွေဟာ တဆင့်ခံလည်း နာကျင်ရတတ်ပါတယ်။ ဒါကြောင့် ကျွန်တော် ချန်ထားလိုက်ပါတယ်။ ကံကြမ္မာကို ကျွန်တော်ဆုံးဖြတ်လို့ မရပေမယ့် ကျွန်တော်ရေးတဲ့ ဝတ္ထုကိုတော့ ကျွန်တော် ဆုံးဖြတ်လို့ရပါတယ်။ ကိုအေးဘရဲ့ နာကြင်ကြေကွဲမှုတွေအကြောင်းသိရင် ဒီလိုလေး ရပ်ထားပေးလိုက်ချင်စိတ် ပေါ်လာမှာပဲလို့လည်း ထင်မိပါတယ်။

မျက်ကွယ်မြစ်ကတော့ စီးဆင်းနေဆဲပါပဲ။

ဒီဝတ္ထုအတွက် ကိုအေးဘလိုပဲ စကားကြုံ ပြောခွင့်ကြုံခဲ့ကြတဲ့ ရွာကအမျိုးများကို ကျေးဇူးတင်တယ်။ အားပေးဖတ်ရှုကြတဲ့ ပရိသတ်ကို ကျေးဇူးတင်တယ်။ ထုတ်ဝေတဲ့ စာရိပ်မြိုင်စာပေ၊ ဖြန့်ချိတဲ့ ကိုလတ်စာပေ၊ မျက်နှာဖုံး သရုပ်ဖော် မာဏ တို့ကိုလည်း ကျေးဇူးတင်တယ်။

*စာဝမ်းစာဖြင့် ဘဝမြှင့်နိုင်ကြပါစေ. . .*

စိုး ဘား ဒိုင်

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# (၁)

မနက်စောစော နိုးထသောရွာဖြစ်သည့်အတိုင်း ရွာလမ်းတွေမှာ လူအသွားအလာများနေပြီဖြစ်သည်။ မနက်စောစော မှောင်ရီစွဲနေချိန်မှာပင် ဆွမ်းတော်ဗျို့ဟူသော နှိုးဆော်သံနှင့် တစ်ဆက်တည်း ကြေးစည်သံလွင်လွင်ကို ကြားရပြီဖြစ်သည်။ လင်းကြက်တွန်သံကြားကတည်းက မီးခွက်တွေ ရွေ့လျားနေသော အိမ်တွေကို မြင်ကြရပြီဖြစ်ရာ ဆွမ်းခံကြွလာချိန်တွင် ကိုယ့်အိမ်ပေါက်ဝက လမ်းပေါ် ထွက်ဆွမ်းလောင်းလှူရန် အဆင်သင့်ဖြစ်နေလေ့ရှိသည်မှာ ရွာ၏ကျက်သရေ နံနက်ခင်းပင် ဖြစ်လေသည်။ တစ်လမ်းဝင်၊ တစ်လမ်းထွက် ဆွမ်းခံကြွလာသော သံဃာတော်များ၏ သင်္ကန်းရောင်သည်လည်း အလင်းရောင် ပိုမိုလာသည်နှင့်အတူ လင်းဖြာလာသည်။

မကြာမတင်မှာပင် ခေါင်းရွက်မုန့်သည်တွေလည်း လမ်းဝင်လမ်းထွက် အိမ်ပေါက်စေ့ ရောက်ရှိလာကြတော့သည်။ ပဲပြုတ်သည်၊ ကောက်ညှင်းပေါင်းသည်၊ သနပ်စုံသည်၊ မုန့်ဟင်းခါးသည်တို့သည် သူတို့ရောင်းသည့် မုန့်တွေကို ကြေညာ အော်ဟစ်လာကြသည်။ နေဖင်ထိုး အိပ်ရင် သေမှနိုးတော့မည့်အလားနေရောင်မရောက်ခင် အိပ်ရာပေါ်ကထဖို့ နှိုးသံတွေကိုလည်း တချို့သော အိမ်တွေထဲက လွင့်စဉ်ထွက်လာနေသည်။

ရွာသည် စောစောစီးစီးပင် နိုးထလာခဲ့ပြီ ဖြစ်သည်။ စောစောစီးစီးပင်

mgyoe.com

mgyoe.com SAMPLE BOOK

စားသောက်ကြပြီး၊ စောစောစီးစီး အလုပ်ခွင်ထဲရောက်ဖို့ အိမ်ထဲက ထွက်လာကြတော့ပြီ ဖြစ်သည်။လမ်းပေါ်ကနေ နှုတ်ဆက်နေကြသည့် အလုပ်သွားသူတို့၏ အသံနှင့် အတူ တုံ့ပြန်သံတွေလည်း ရွာ၏ နံနက်ခင်းသံသာဖြစ်သည်။ ကျေးငှက်တို့သည်ပင်လျှင် ထိုအသံတို့ဖြင့် နိုးထလာကြရသလား ထင်မှတ်ဖွယ်ရာ ဖြစ်သည်။

"ရွှေခင်ရေ့၊ မသွားကြသေးဘူးလား"

"စောစောကပဲ သွားကြပြီကော၊ ညည်းက နောက်ကျနေတာကိုး ဖွားမေရဲ့"

အိမ်မှာ သက်ကြီးရွယ်အိုတွေပဲ ကျန်နေရစ်သည်။ ထိုသက်ကြီးရွယ်အိုများကလည်း အိမ်မှာနေရင်း အိမ်အလုပ်လုပ်ကြရသည်ပင် ဖြစ်သည်။ လှုပ်ရှားနေမှ ကျန်းမာသည်ဟု သတ်မှတ်တတ်သည်မှာ ရွာ့ထုံးစံဖြစ်သည်။ မလှုပ်မရှက် နေတယ်ဆိုတာ သေနေတာနဲ့အတူတူပေါ့၊ လှုပ်ရှားနိုင်သေးတယ် ဆိုတာ သေမင်းသိအောင်ပြနေတာဟူသော စကားသည်ပင်လျှင် သက်ကြီးရွယ်အိုများ၏ နှုတ်ဖျားမှာ ကပ်ခိုနေသော စကားများဖြစ်လေသည်။

တောဝင်သူတွေက တောထဲတိုးကြပြီ။ လယ်သွားသူတွေက လယ်ထဲခြေလှမ်းကြပြီ။ မြစ်ဆင်းသူတွေက မြစ်ဆီဦးတည်ကြပြီ။ စိုက်ပျိုးသူတွေ စိုက်ခင်းသွားကြပြီ။ လှည်းကသူ ကကြပြီ။ နွားဆွဲကွဲမောင်း အသက်ဝင်လာကြပြီ။ အိမ်မှာပဲ အလုပ်လုပ်ကြသူတွေကလည်း အလုပ်စကိုင်ကြပြီ ဖြစ်သည်။ တောသူတောင်သားတွေမှာ အလုပ်နှင့်လက် မပြတ်ပါမှ လက်နှင့် ထမင်း ကပ်နိုင်ကြသူတွေ ဖြစ်သည်။ အလုပ်သည် တာဝန်တစ်ခုမဟုတ်၊ နေ့စဉ်ပြုအပ်သော ဝတ္တရားဖြစ်လေသည်။

ထိုသို့ နိုးထလှုပ်ရှားနေကြသူတွေ အများအပြားကြားထဲတွင် နားကားအေးဘလို နေဖင်ထိုးလို့ နိုးသော်လည်း မထပေါင်ဆိုသည့် လူမျိုးတွေလည်း ရှိကြသည်ပင်ဖြစ်သည်။ အဖ၊ အမိနှင့် နှမလေးတို့က ခနိုပြင်တောကို ဆင်းသွားကြပြီဖြစ်သော်လည်း အေးဘကတော့ အိပ်ရာသည်သာ သူ့အလုပ်ခွင်အမှတ်ဖြင့် ပျင်းခွေခွေ၍ ကျန်ရစ်လေသည်။ တစ်အိမ်လုံး တိတ်ဆိတ်သွားပြီ ဆိုတော့မှ အိပ်ရာပေါ်က လက်ထောက်ထပြီး ကြမ်းကျွံကျသွားမည်စိုးသော ခြေချခြေလှမ်းဖြင့် မျက်နှာသစ်ရန် မီးဖိုချောင်ဆားအိုးထဲမှ ဆားတစ်ဆုပ်ကို လက်သွင်းနှိုက်ကာ အိမ်ကပြင်ကို ထွက်သည်။

ဆားတွေကို လက်ဝါးထဲက ကော်ယူပြီးသွားတိုက်သည်။ တစ်ချက်၊ နှစ်ချက်

mgyoe.com

mgyoe.com

တိုက်ပြီးသည့်နောက် သူ့သွားတွေ ဖွေးသွားမည်စိုး၍ ရပ်လိုက်ကာ ရေငုံခလောက်ပြီး ထွေးလိုက်သည်။ ဆားရေအနည်းငယ် လည်ချောင်းထဲ ရောက်သွားသဖြင့် ဝေ့ါခနဲ ပျို့တက်လာသည်။ ဆားဖြင့်သွားတိုက်ခြင်းသည် အေးဘအဖို့ အနည်းငယ် အားချိန်ရနေသေးကြောင်း ဖော်ပြခြင်းဖြစ်သည်။ သူ့အချိန်ကို သွားတိုက်ရန်အတွက် ဖဲ့မပေးနိုင်သည့်ရက်တွေဆိုလျှင် သွားက ငါးမှမဟုတ်တာ၊ ဆားပက်နေစရာ လိုလို့လားကွာဟု ဆိုကာ ပလုတ်ကျင်းပြီး မျက်နှာသစ်လိုက်တော့သည်သာ ဖြစ်သည်။

နှမကို အားနာသောအားဖြင့် နှမငင်၍ထည့်ထားသော ရေအိုးထဲက ရေကို ချွေတာသည့်သဘော မျက်နှာနှင့် ရေ ဖူးစာဆုံပေးလိုက်ရုံဖြင့် လုံလောက်ပြီဟု တွက်ကာ ရေကိုချွေတာရေး လုပ်ဖို့ရာ အေးဘကို အထူးတလည် တိုက်တွန်းရန် မလိုပေ။ အေးဘသည် ထိုအလေ့အကျင့်ကို နှမအား ချစ်သောနှလုံးဖြင့် သစ္စာဆိုထားသလို လိုက်နာတတ်သူ ဖြစ်လေသည်။ မျက်နှာနှင့် ရေ ဖူးစာဆုံပြီးပြီဆိုလျှင် သူ့ဗိုက်က အချက်ပြတော့သည်။ မျက်နှာနှင့် ရေတို့ ချစ်ခွန်း တုန့်တင်နေသည်ကို ခိုးနားထောင်မနေနဲ့ဟု လက်တို့ သတိပေးလိုက်သလို သူ့ဗိုက်က သူ့ကို ဆွဲခေါ်သည်။ ထိုဗိုက်ကို အားနာသောကြောင့် အိပ်ရာကနေ အေးဘ ထလာရခြင်း ဖြစ်သည်။ အေးဘတွင် ဆာလောင်တတ်သော ဗိုက်မရှိလျှင် အိပ်ရာကို ထိုထက်ပို၍ မခွဲနိုင်မခွာရက် ချစ်ခင်စုံမက်မည့် အေးဘ ဖြစ်နေခြင်းအတွက် မနာလိုစရာ ရှိမည်မထင်။

မျက်နှာနှင့် ရေတို့ချစ်သူနှစ်ဦး ချစ်ခွန်းတုန့်တင်ခွင့်ကလေးသည် တခဏအတွင်း အေးဘ ပုဆိုးဖြင့် အခွဲခံလိုက်ရသည်။ သို့သော်လည်း အေးဘက ကြင်နာစိတ်ကလေးတော့ ရှိရှာပုံရသည်။ မျက်နှာကို သုတ်သည် ဆိုရုံကလေးသာ သုတ်သည်။ မျက်နှာတစ်ပြင်လုံး မရောက်သော ရေသည် ကွက်ကြား ကျန်နေရစ်သေးသည်ပင် ဖြစ်သည်။ မီးဖိုချောင်ကို အေးဘ မွေ့ရပြီ ဖြစ်သည်။ အေးဘမှာ နာရီ မရှိပါ။ ထို့အတူ အေးဘတို့အိမ်တွင်လည်း နာရီ မရှိပါ။ အေးဘသည် နေရောင်ကို တွက်ချက်၍ အချိန်ကို ခန့်မှန်းလိုက်သည်။ အေးဘ၏လှုပ်ရှားမှုတွေ သွက်လာရပြီဖြစ်သည်။

အေးဘ ဘာကြောင့် လောလာသလဲဆိုတာကို အေးဘ ကိုယ်တိုင်သာ သိသည်။ အချိန်နှင့် ဒီရေသည် အေးဘကို စောင့်မနေကြပေ။ သို့သော်လည်း အေးဘ၏ အဖော်များကတော့ အေးဘကို စောင့်သင့်သလောက် စောင့်ကြပါသည်။ အေးဘ လာတော့မှ သူတို့အလုပ်ကို စကြပါမည်။ အေးဘပါမှ သူတို့အလုပ်

mgyoe.com SAMPLE BOOK

ဖြစ်မြောက်သည်။ အေးဘာသည်သာ အခရာ၊ ပင်မပင်စည်ကြီး ဖြစ်ပါသည်။ အေးဘာကိုယ်တိုင်ကလည်း သူ့အဖော်တွေကို စောင့်ခိုင်းလိုခြင်း မရှိပေ။ သူ၏ ဝီရိယကို ထိုအဖော်များက ကဲ့ရဲ့ပြောဆိုခြင်း ပြုသည်ကို သူလက်မခံပေ။ အေးဘာသည် ဝီရိယရှိပြီး ရည်ရွယ်ချက်ကို အတိအကျ အကောင်အထည် ဖော်တတ်သူဖြစ်ကြောင်း အေးဘာက ဂုဏ်ယူလိုပုံ ရပါသည်။ နေရောင်ကို အပြေးအလွှား အကဲခတ်ထားသော အေးဘာတစ်ယောက် ထမင်းတွေကို ခေါင်းအိုးဝါသိပ် သွတ်ထည့်ကာ အလောတကြီး ထည့်မြိုလျက်ရှိသည်။

မနက်စာ စားသောက်ပြီးလျှင် အေးဘာ ဘာတွေဆက်လုပ်မည်ကိုလည်း အေးဘာသာ သိပါသည်။ သူ့ရွှေနီလင်းကို ချစ်သူလက်ကလေးဖွဖွ ဆွဲကိုင်သလို တယုတယ ကိုင်လိုက်မည် ဖြစ်သည်။ သူ့လက်ထဲ ဆုပ်လာသော ဆန်ကို သူချစ်သော ရွှေနီလင်းကို ဂရုတစိုက် ကျွေးမည်။ သူ့ရွှေနီလင်းသည် သူ့လက်ထဲရောက်လျှင် သန့်စင်သော ဆန်ကို စားသည်။ သူလွှတ်ထားလိုက်သည့် အချိန်ဆိုလျှင် တွေ့ကရာ ကောက်စားသည်။ အလုပ်မရှိလျှင် အေးဘာက သူ့ရွှေနီလင်းကို လွတ်လပ်ခွင့် ပေးထားသည်။ အလုပ်ရှိလျှင်တော့ ရွှေနီလင်းသည် အေးဘာ၏ အထူး ဂရုစိုက်မှုဖြင့် မာန်ဝင့်ခေါင်းမော့နေတော့သည်။

ရွှေနီလင်းသည် မနေ့ညကတည်းက အေးဘာ၏ ဂရုစိုက်မှုလုပ်ငန်းစဉ်ထဲတွင် စတင်ပါဝင်ခဲ့ရသည်။ လှောင်အိမ်ထဲတွင် နေရသည်။ လှောင်အိမ်ထဲတွင် ထည့်ပေးထားသော အဆင်သင့်စာကို စားရသည်။ ရွှေနီလင်းအနေဖြင့်လည်း သူ့သခင်၏ အရေးပေးမှု နောက်ဆက်တွဲတွေကို ကောင်းကောင်း သိနေပြီလည်း ဖြစ်သည်။ သည်အတွက်လည်း ရွှေနီလင်းမှာ စိတ်လှုပ်ရှားစရာအဖြစ် သဘောထားနေတော့မည် မဟုတ်ပေ။

အေးဘာက သူ့တိုက်ကြက် ရွှေနီလင်းကို သူ့ပုဆိုးဖြင့် တယုတယ သုတ်ကာ သန့်စင်ပြောင်ရောင် သွားစေလိုက်သည်။ သူ့ကိုယ်သူထက် သူ့ရွှေနီလင်းက ပိုပြောင်ရောင်လင်းသန့်နေရမည် ဆိုတာကို အေးဘာက တာဝန်တစ်ခုအဖြစ် သတ်မှတ်ထားသူ ဖြစ်ပါသည်။ သူ့ကိုယ်သူထက် သူ့တိုက်ကြက်က ပိုတန်ဖိုးကြီးနေခြင်းအတွက် အေးဘာကို အပြစ်မဆိုနိုင်ပေ။ သူ့အကြောင်း ကောင်းကောင်း သိသောကြောင့် ဖြစ်သင့်ပေတာပေါ့ဟုသာ မှတ်ချက်ချသင့်ပါသည်။

ရွှေနီလင်းကို အရောင်တင်ပေးပြီးသည့်နောက် ပုဆိုးကို တိုတိုဝတ်လိုက်ခြင်းဖြင့် အိတ်ထောင်ကြီးကြီး တစ်ခုကို အေးဘာ ပိုင်ဆိုင်သွားလေပြီ။ ပုဆိုးတစ်ထည်

mgyoe.com

mgyoe.com SAMPLE BOOK

၏ အသုံးဝင်မှုကို အေးဘလောက် ပီပြင်အောင် ဘယ်သူကမှ အသုံးမချတတ်ကြောင်း မှတ်တမ်းတင်ထားဖို့ ကောင်းပါသည်။ သူ့ပုဆိုး၏ အပေါ်ပိုင်းသည် မျက်နှာသုတ်ပုဝါ ဖြစ်သလို အိတ်ထောင်ကြီးကြီးတစ်ခု ဖန်တီးနိုင်သော အပိုင်းဖြစ်ပါသည်။ ပုဆိုး၏အောက်ပိုင်းသည် လက်သုတ်ပဝါတစ်ထည်၏ နေရာကိုအစားထိုး ဝင်ရောက် တာဝန်ထမ်းဆောင်နိုင်သည်။

အေးဘတစ်ယောက် ပုဆိုး တိုသထက်တိုအောင် ဝတ်ထားပြီဆိုလျှင် အိတ်ထောင်ကလည်း ပိုကြီးတော့မည်ဖြစ်သည်။ အေးဘ တစ်ယောက် ဘာတွေ ဝါသနာပါပြီး၊ ဘာတွေကျွမ်းကျင်သည်ကို သူငယ်ချင်း လောင်းကစားဖော်တွေက ကောင်းကောင်းသိပါသည်။ ထို့ထက်ပို၍ သူဘာတွေ တွေးနေသည်၊ ဘာတွေ စိတ်ကူးနေသည်ဆိုတာအထိတော့ အေးဘက သူကလွဲပြီး အခြားသူတွေကို မသိစေပေ။ ယနေ့မနက် အေးဘ ပြင်ဆင်နေသောပုံစံက အေးဘတစ်ယောက် သူ့ရွှေနီလင်းနှင့် ပွဲစီစဉ်ဖို့ ပြိုင်ဘက်တွေ့ဆုံညှိနှိုင်းပွဲရှိနေပြီဖြစ်ကြောင်း အေးဘနှင့် သူ့ရွှေနီလင်းတို့သာ သိသည်။ သူ့ရွှေနီလင်းကလည်း သည်လိုပြင်ဆင်မှုမျိုးတွေနှင့် ကြုံကြိုက်လှပြီဖြစ်ရာ သူ့သခင်သည် အကြောင်းမဲ့သူ့အပေါ် ဂရုစိုက်မည် မဟုတ်ကြောင်း နားလည်ထားပြီး ဖြစ်သည်။

အေးဘက ရွှေနီလင်းခေါင်းကို လက်ညှိုးလက်မကလေးဖြင့် အသာဆိတ်လိုက်သည်။ ရွှေနီလင်းက ချက်ချင်း တုံ့ပြန်လိုက်သည်။ အေးဘ ကိုင်ထားသည့်ကြားက ရုန်းပြီး ရန်လိုလိုက်ခြင်း ဖြစ်သည်။ အေးဘ သဘောကျ သွားသည်။ သူ သည်လိုခေါင်းဆိတ်တာလောက်ကိုပင် မခံသည့်ရွှေနီလင်းက ပြိုင်ဘက်ဆိုလျှင် သည်ထက်ပိုမိုသော တုံ့ပြန်မှုကိုပေးမည်ဟု အေးဘက အတပ်မှတ်ထားလိုက်သည်။ အေးဘသည် ရွှေနီလင်းကို ဖွဖွကလေး ညှစ်လိုက်သည်။

အေးဘသည် လူတစ်ယောက်မျှ မကျန်တော့မည့်အိမ်ကို တံခါးစေ့ပိတ်လိုက်သည်။ ခြံတံခါးကိုလည်း စေ့ပိတ်လိုက်သည်။ အိမ်စောင့်ကြက်နှင် တစ်ယောက်တလေမှ မရှိသော အိမ်အဖြစ် ရွာခံတွေက ပြေးကြည့်စရာမလိုသော အိမ်စာရင်းထဲတွင် အေးဘတို့အိမ်က စံချိန်တင်ထားပါသည်။ ကိုယ့်ရွာနှင့်ကိုယ် အကြောင်းသိတွေဆိုတော့ အိမ်မှာလူရှိခြင်း မရှိခြင်းသည်လည်း ထူးခြားသည့် အခြေအနေ မဟုတ်တော့ပေ။

မနက်စောစော ခနိုပြင်တောထဲ သွားကြသော အေးဘ၏မိဘနှစ်ပါးနှင့် နှမတို့သည် ၁၀ နာရီနှင့် ၁၁ နာရီကြားတွင် မနက်ပိုင်း အလုပ်ပြီးကြပြီ ဖြစ်သည်။

mgyoe.com

အမိနှင့် နှမတို့က စောပြီး အိမ်ပြန်လာကြမည်။ အိမ်မှုကိစ္စ လုပ်စရာရှိတာတွေကို လုပ်ကြမည်။ ထမင်းဟင်းချက်၊ လျှော်ဖွပ်သန့်ရှင်းတာတွေ လုပ်ကြမည်။

ဆောင်းတွင်းပိုင်းဆိုလျှင်တော့ မိညက်အေးသည် မနက်စောစော ခနိရည်ချိုရောင်းသည်။ သည်လိုအခါမျိုးဆိုလျှင် မိညက်အေးတို့သမီးအဖသည် မနက်စောစော ၄ နာရီထိုးကတည်းက အိမ်ကထွက်ပြီး ခနိပြင်တော ဆင်းရသည်။ ခနိရည်ချိုလိုက်ကဲ့ပြီး မီးသင်းထားသောမြေအိုးထဲ ခနိရည်ချိုတွေ ထည့်ကာ ရွာထဲလည်ရောင်းသည်။ မိညက်အေး နောက်ကနေ အဖက ခနိရည်ချိုကျည်တောက် ရှည်ကြီးတွေ ရှေ့နောက် တံပိုးထမ်းကာ လိုက်လာသည်။ မိညက်အေး၏လျှော့သွားသောအိုးထဲကို ထပ်ဖြည့်ထည့်ပေးသည်။

"မိညက်တို့ နိရယ်ရှိုက လေးလေးပင်ပင်ချိုတယ်"

ရွာက သတ်မှတ်ပေးထားသော စံနှုန်းထဲတွင် မိညက်အေး၏ခနိရည်ချိုက ထိပ်ဆုံးက နေရာယူထားသည်။ မိညက်အေး အော်သံကို နားစွင့်ဝယ်ကြသည်။ မိညက်အေး လာရာလမ်းကနေ ဆီးကြိုစောင့်ဝယ်ကြသည်။ အခြားခနိပြင်တောတွေက ခနိရည်ချို အချိန်တစ်ဆယ်လောက်ကို နေမြင့် အချဉ်ဖောက်စပြုလာချိန်အထိ ရောင်း၍ မကုန်တတ်သော်လည်း မိညက်အေးကတော့ အချိန်နှစ်ဆယ်ကို နေအပွင့်ပင် မမြင်လိုက်ရပေ။

ခနိရည်ချို ရောင်းပြီးသွားလျှင် မိညက်အေးက အိမ်ပြန်သည်။ အဖက ခနိပြင်တောထဲကို ပြန်ဆင်းသွားသည်။ မိညက်အေး အိမ်ပြန်ရောက်ချိန်သည် အေးဘတစ်ယောက် အိပ်မက်မက်၍ ကောင်းနေတုန်း ရှိသေးသည်။ မိညက်အေးတို့သမီးအမိ မနက်စာ စားသောက်ပြီးချိန်အထိလည်း အေးဘကတော့ အိပ်ရာထဲမှာပဲ ရှိသေးသည်။ ရေခပ်၊ အဝတ်လျှော်ပြီးချိန်လောက်ကျတော့မှ အေးဘ အိပ်ရာက နိုးလာပြီး အမိ မီးဖိုချောင်ထဲ ခြေဝင်ရှုပ်တော့သည်။ အမိကတော့ သူ့အသည်းကျော် အေးဘ နိုးလာလျှင် စားသောက်ဖို့ ပြင်ဆင်ပေးပြီးသား ဖြစ်သည်။

"မိညက်၊ ငါ့ပုဆိုး လျှော်လိုက်ပြီလား"

အဝတ်ဖွပ်နေသော နှမထံရောက်လာပြီး အေးဘက အလိုမကျသံဖြင့် မေးလိုက်သည်။ မိညက်အေးက သူ့အစ်ကိုကို မျက်နှာထိ မျက်နှာထားဖြင့် ဆတ်ခနဲ ခေါင်းမော့ကြည့်သည်။

"ဘယ်ပုဆိုးလဲ၊ လက်နှိုးစုပ် တစ်ထည်တော့ လျှော်တဲ့အထဲ ပါတယ်"

"ဟာ နင်ကတော့ လုပ်ပြန်ပြီ၊ ဘယ်ကလာ လက်နှိုးစုပ်ရမှာလဲ၊ ငါ့ပုဆိုး

mgyoe.com

mgyoe.com
SAMPLE BOOK

ဆိုတာ သိလျက်သားနဲ့"

"ဟုတ်တယ်လေ၊ လက်နှီးစုပ်မို့လို့ လက်နှီးစုပ် ပြောတာပေါ့။ တကတဲ တော်၊ ပုဆိုးကို လက်နှီးစုပ်ဖြစ်အောင် ဝတ်ရတယ်လို့၊ ရွာကတွေ့ရင် ပုဆိုး မဝယ်နိုင်လို့ လက်နှီးစုပ် ပတ်ဝတ်နေရတယ်လို့ ထင်ကြမှာပဲ"

"ဘယ်သူက ထင်မှာလဲဟ၊ ငါ့အကြောင်း ငါတို့အိမ်အကြောင်း လူတိုင်း သိနေတဲ့ဟာ"

"နှမ မရှိ၊ အစ်မ မရှိလို့တော့ အပြောမခံနိုင်ပါဘူး။ လှရင်ကတောင် နင်တို့အစ်ကိုကို အဝတ်လေးဘာလေး ဖွပ်ပေးပါဦး မိညက်ရယ်တဲ့၊ တော်ကြာ ဘကြည်အရှုးက သူ့ပုဆိုး ဆိုပြီး ဆွဲလုခံနေရဦးမယ်တဲ့၊ ကျုပ်ကပဲ အသုံးမကျ သလိုလို ဘာလိုလို"

"လှရင်ပြောတာများ နင်က နာနေသေးလား၊ ကိုယ့်ခေါင်းခုတောင် လက်နှီးစုပ်ခုပြီး ခေါင်းရွက်နေတဲ့ မိန်းမကို"

"အဲဒါကြောင့် ပိုနာတာပေါ့၊ သူတောင်းစားက ခွက်ဆွဲကြီးလို့ လှောင်ခံရသလိုပဲ"

အေးဘ ခေါင်းကုတ်သည်။ နှမဖြစ်သူကိုလည်း အေးဘက သည်ထက်ပိုပြီး သြဇာပေး၍ မရပေ။ မိညက်အေးက သူ့အစ်ကိုကို အမိအစ်မ နှစ်နေရာပေါင်းပြီး ငေါက်ဆူဆဲနေကျ ဖြစ်သည်။ အေးဘကလည်း ကိုယ်တိုင်က အိမ်မှာအမှိုက်တစ်စ ကောက်ကူသူ မဟုတ်တော့ နှမ အဆဲအဆို အငေါက်အငမ်းကို နားယဉ်နေရသည်။ တစ်ခါတလေ မိညက်အေးက တွေ့ကရာနှင့် လှမ်းပေါက်သဖြင့် ခေါင်းကွဲ ကျောယောင်ဖြစ်ရတတ်သည်ကို ကြုံဖူးလှပြီ ဖြစ်သည်။ မိညက်အေးက အသံအောင်သလောက် စွာလည်းစွာသည်။ အခြားသူတွေ ရန်ပွဲထက် မိညက်အေးနှင့်ဖြစ်သည့် ရန်ပွဲ လူပိုကြားရသည်မှာ သူ့အသံအော်လံကြီးကြောင့် ဖြစ်သည်။

ယခုဆိုလျှင် အေးဘသည် မနေ့ကအကြောင်းတွေ တွေးတာကို ရပ်လိုက်ရပြီ ဖြစ်သည်။ ရွှေနီလင်းကို ဖွဖွပွေ့ပိုက်ပြီး ရွာတောင်ပိုင်းက တောဂွန်ထန်းတဲကို ရောက်သွားပြီ ဖြစ်သည်။ မနက်ပိုင်းဆိုလျှင် တောဂွန်ထန်းတောတွင် ထန်းရည်ခါး မရသေးပေ။ သို့သော်လည်း တောဂွန်က ဖောက်သည်၏ အလိုဆန္ဒအား မဖြစ်မနေဖြည့်ဆည်းပေးခြင်းတည်းဟူသော ဈေးရောင်းခြင်း အတတ်ပညာ ကျွမ်းကျင်သူဟု ညွှန်းဆိုနိုင်အောင် ဈေးအကွက်မြင်သူ ဖြစ်လေသည်။

တောဂွန်က သူ့ရောင်း၍မကုန်သော ထန်းရည်ခါးတို့အား အဖိတ်အစွ‌ေလ

mgyoe.com SAMPLE BOOK

မရှိစေခြင်း အလို့ငှာ အရက်ချက်လိုက်သည်။ ထန်းရည်အရက်သည် သောက်လုံး မြင့်သူတွေအတွက် ဆက်သရန် အသင့်ဖြစ်နေလေတော့သည်။

"လာကွာ အေးဘ၊ တစ်ခွက်အရင် ပသလိုက်ဦး"

"လခွီးမှပဲ၊ မင်းလုပ်တာနဲ့ ငါက မသေသေးခင် နတ်စိမ်းဖြစ်သွားပြီ"

ကလော့ခဲ ဘအေး ရယ်သည်။ အေးဘနှင့် ဘအေးက နာမည်ပြောင်းပြန်ဖြစ်သလို အရဲအကြောက်ကလည်း ပြောင်းပြန်ဖြစ်သည်။ ကလော့ခဲ (ကျောက်ခဲ) ဘွဲ့ကို ဘအေးရလိုက်သည်မှာ နှယ်နှယ်ရရတော့ မဟုတ်ပေ။ နာမည်ပြောင် ပိုင်ဆိုင်သူတွေမှာ ကြီးမားသော အမှတ်သင်္ကေတ လုပ်ရပ်တွေ ရှိတတ်ကြပါသည်။ အေးဘမှာလည်း နားကားဟူသော အများခေါ် အမည်နာမခွဲရှိသလို ခေါင်းပွင့်ဟူသော နာမည်ပြောင်ကိုလည်း ပိုင်ဆိုင်ထားသည်။ နာမည်ပြောင်သည် ချစ်ခင်စွာ စနောက်ချိန်တွင် ချစ်စရာဖြစ်ပြီး၊ ရန်လို တိုက်ခိုက်ချိန်တွင် နာကျင်စေသော အမည်နာမ ဖြစ်တော်မူလေ့ရှိသည်ကို အေးဘတို့၏ အတွေ့အကြုံတွေက မကြာခဏ သက်သေထူတတ်ပါသည်။

ကလော့ခဲ ဘအေး ဟူသော အမည်တော်ရရှိခဲ့သည့် အကြောင်းအရင်းကား ဤသို့တည်း။ ရွာထဲတွင် သံကလော့စေ့ (သံကျောက်စေ့) ဟူသော အမည်ဂုဏ်ဆောင်ထားသည့် လူမိုက်တစ်ယောက် ရှိသည်။ သံခဲဟူသော မိဘပေးထားသည့် နာမည်ကို ပိုင်ဆိုင်သော ထိုလူမိုက်သည် ပဉ္စတ်သွားရာ ဓာတ်သက်ပါ ဆိုသလို ကျောက်ခဲထဲတွင် သံလိုမာကျစ်သောကျောက်ခဲ၏ ဂုဏ်ပုဒ်ကို သံခဲက ရရှိထားသည်။ သံခဲ၏ခေါင်းသည် ရွာတွင် အမာဆုံးသောခေါင်းအဖြစ် အများလက်ခံထားပြီးဖြစ်ပါသည်။ ထိုမာသော ခေါင်းကိုရင်း၍ သံခဲက လူမိုက်အဖြစ် နာမည်ကြီးရလေသည်။

ကလော့ခဲ ဘအေးကျတော့ ကျောက်ခဲလို မာကျောသော ခေါင်းကို ပိုင်ဆိုင်နိုင်ခြင်းကြောင့် ထိုအမည်နာမတော်ကို ရရှိခဲ့သည်မဟုတ်ဘဲ ရန်ဖြစ်လျှင် ကောက်ပေါက်စရာ ကျောက်ခဲကို အရင်ရှာတတ်သောကြောင့်ရသော အမည်နာမတော်ဖြစ်လေသည်။ ခဲမရှိသောအရပ်သည် ဘအေးအတွက် ရန်သူကို ရင်ဆိုင်တိုက်ခိုက်အပ်သောအရပ် မဟုတ်ပေ။ ရန်သူကို စိန်ခေါ်အပ်သော အနေအထားမဟုတ်ဟု ခိုင်မာစွာ ယုံကြည်သူဖြစ်သည်။

အေးဘ၏ အမည်နာမတော်က ပို၍ ဂုဏ်မြောက်ပါသေးသည်ဟု ထင်မှတ်ဖွယ်ရာ ဖြစ်ပါသည်။ သူ့နာမတော်သည်လည်း သံကလော့စေ့လို အလုပ်နှင့်

mgyoe.com

mgyoe.com
SAMPLE BOOK

တွဲဖက်ပြီးရသော နာမတော် ဖြစ်လေသည်။ သို့ဆိုပါငြား နားကားသော အေးဘကို နားကားဟု ခေါ်တွင်ခြင်းသည် သူ၏ရုပ်ပိုင်း ထင်ရှားမှုကြောင့်ဖြစ်သော်လည်း ခေါင်းပွင့်ဟူသော အေးဘ၏ ဂုဏ်ရောင်ပြောင်သော နာမည်သည် အေးဘနှင့် တွေ့လျှင် ခေါင်းပွင့်သွားမည်ဟု အမှတ်အယူ မစောကြစေလိုပါ။ အေးဘ၏ခေါင်း ပွင့်သည် ခေါင်းတစ်လုံး၊ ပွင့်တစ်လုံး သီးခြားစီ ပိုင်ဆိုင်ထားသော ကိုယ်ပိုင် သင်္ကေတရှိသည့် နှစ်လုံးပေါင်း ဂုဏ်ပုဒ်ဖြစ်ပါသည်။

ခေါင်းဟူသည် ကြက်ခေါင်းကို ရည်ညွှန်းပြီး၊ ပွင့်သည် ဖဲချပ်များမှ ဖဲပွင့် များကို ရည်ညွှန်းထားခြင်း ဖြစ်သည်။ ကြက်ခေါင်းကို ရည်ညွှန်းထားသဖြင့် ကြက် ခေါင်းဆိတ်မခံ ဟူသော ဂုဏ်ရည်ဟူ၍လည်း မမှတ်ယူကြစေလိုပါ။ အေးဘ ပိုင်ဆိုင်သော ကြက်ခေါင်း ဝေါဟာရသည် ကြက်ပွဲဟု အသံကြားလျှင် ချက်ချင်း ခေါင်းထောင်လာတတ်သော ကြက်ခေါင်းဆိတ်မခံ၏ ခေါင်းလှုပ်ရှားမှုအပိုင်းကို သာ ပိုင်ဆိုင်ထားခြင်း ဖြစ်ပါသည်။ ပွင့်က ဖဲချပ်များမှ အပွင့်များကို ရည်ညွှန်းကြောင်း မိတ်ဆက်ပေးထားပြီးဖြစ်၍ ဖဲနှင့် အေးဘ ဆက်သွယ်မှု သဘောတရားကို ထပ်မံ ရှင်းလင်းပြရန် မလိုတော့ဟု ထင်ပါသည်။

"စကားလုံးတွေကို အရေးစိုက်မနေစမ်းပါနဲ့ ခေါင်းပွင့်ရာ၊ ခွက်မော့မှ အရည်ရမှာကွ"

အေးဘက ဘအေး ထိုးပေးလိုက်သောခွက်ကို ရပ်လျက် အနေအထား ကနေ ကောက်ယူပြီး မော့ချလိုက်သည်။ ပြီးတော့မှ ဝိုင်းထဲ ဝင်ထိုင်လိုက်သည်။ ဘအေးက ရွှေနီလင်းကို ကြည့်လိုက်သဖြင့် အေးဘက စားပွဲပေါ် တင်ပြီး ရပ်ခိုင်း လိုက်သည်။

"ရွှေနီလင်းတောင် ပွဲမတိုးရတာ ကြာပြီနော်၊ ဒီတစ်ပွဲတော့ ပွဲဖြစ်ပါစေ လို့ဆုတောင်းရမှာပဲကွ"

"ရွှေနီလင်းလည်း တစ်ဒုက္ခပဲကွ၊ ပြိုင်ဘက်မရှိတော့ အစွမ်းပြခွင့်မရ ဖြစ်နေရတာပေါ့၊ ဒီကောင် နောက်ကောက်ချထားတဲ့ ကြက်တွေပဲ ရှိတော့တာ ကိုးကွ"

အေးဘက သူ့ကြက်ကို ခေါင်းတစ်ချက်ဆိတ်လိုက်ပြီး ကြွားလိုက်သည်။ ရွှေနီလင်းကလည်း ခေါင်းဆိတ်မခံ ပြန်တွယ်သည်။

"အောင်မာ၊ မင်းကောင်က မင်းတောင် ပြန်စိန်ခေါ်မယ့်ကောင်ပါလား"

"အခုတလော၊ တခြားပွဲကလေးတွေပဲ လိုက်နေရတာ ပျင်းလာတယ်ကွာ၊

mgyoe.com

mgyoe.com SAMPLE BOOK

ဖဲဝိုင်းတွေဘက် ခြေဦးလှည့်ရတာလည်း ခါးချည့်လာပြီ၊ ကိုယ်တိုင်ကိုင်တဲ့ ပွဲကလေး ငတ်နေတာကွ"

ရွှေနီလင်းက စားပွဲပေါ်ကနေ အောက်ကိုဆင်းဖို့ ကြိုးစားနေသည်။ အထာနပ်သော အေးဘက သူ့ကြက်ကို အလွတ်မပေးပေ။ တောင့်ရှိန်မွေးထားသော ကြက်တွေကို လှမ်းမြင်နေရသဖြင့် ရွှေနီလင်းမှာ ခေါင်းကြွနေသည်။ ကြက်မတန်းလေးတွေကလည်း သူ့ကို ဖြားယောင်းနေသလို လည်တမော့မော့ လုပ်နေကြသည်။

"ထန်းမောင်တို့ လာကြပြီ"

ဘအေးအသံကြောင့် အေးဘက သူ့နောက်ကျောကို လှမ်းကြည့်လိုက်သည်။ ကြက်တစ်ကောင်ပိုက်ပြီး လာနေသော လူသုံးယောက်ကို တွေ့လိုက်ရသည်။ သည်နေ့ကကိစ္စကို အတိုချုံးရလျှင် ရွှေနီလင်းနှင့် အာဂမောင်တို့ ပွဲတိုက်တာ တည့်သွားကြသည်ဟုပင် ပြောရပေလိမ့်မည်။ ကြေး၊ ရက်၊ နေရာတို့ကို သတ်မှတ်လိုက်ကြသည်။ ကြက်နှစ်ကောင်ကတော့ အခုကိုပဲ ရင်ဆိုင်လိုက်ကြတော့မလို တစောင်စောင် ဖြစ်နေသည်။ ထိုသို့ တစောင်စောင် ဖြစ်အောင်လည်း ကြက်ကိုင်ထားသူတွေက ပွဲတည်ပေးထားကြလေသည်။

ကြက်ပွဲတည့်သွားပြီးလျှင် တစ်ခွက်တစ်ဖလားဖြင့် ပွဲကြို့ချလိုက်ကြပြီး လမ်းခွဲလိုက်ကြသည်။ အာဂမောင်က အေးဘတို့ ကြက်ယက်တွင်းရွာနှင့် တစ်ရွာခြားသော သပြေရှောင်ရွာက ကြက်ဖြစ်လေသည်။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# (၂)

ရွှေနီလင်းသည် ကြက်တစ်ကောင်ဖြစ်ပါသည်။ ကြက်တစ်ကောင်ဖြစ်၍ လင်းကျက်တွန်ချိန်တွင်လည်း တွန်ပါသည်။ အာရုံကြက်တွန်ချိန်ကိုလည်း မပျက်ကွက်ပါ။ ကြက်ဖက ကြက်ဖအလုပ်အဖြစ် တွန်ခြင်းအလုပ်ကို လုပ်ခြင်းအတွက် အေးဘကိုလည်း အနှောင့်အယှက် မဖြစ်သလို ဘယ်သူ့အတွက်မှလည်း အနှောင့်အယှက် မဖြစ်ပါ။ ရွှေနီလင်းက သူတွန်ရမည့်အချိန်တွင် တောင်ပံတဖျပ်ဖျပ်ရိုက်ခတ်ပြီး တွန်ပါသည်။ အေးဘကလည်း ကြက်တွန်သံကြောင့် နိုးလာသည်။ မျက်လုံးမဖွင့်ဘဲ တစ်ဖက်ကို စောင်းလှည့်အိပ်လိုက်သည်။

ရွှေနီလင်းသည် အေးဘ၏ ခေါင်းရင်းကနေလည်း တွန်တတ်သည်။ ခြေရင်းကနေလည်း တွန်တတ်သည်။ အေးဘကိုယ်ပေါ် တက်ရပ်ပြီးလည်း တွန်တတ်သည်။ မျက်နှာပေါ် တက်လာလျှင်တော့ အေးဘက သူ့ကြက်ကို အသာဖမ်းပြီး နံဘေးကို ချလိုက်သည်။ ကြိုးရှည်ရှည်ဖြင့် ချည်ထားခံရသော ရွှေနီလင်းသည် ဟိုဒီသွားလာချိန် တုန့်ဆွဲထားသော ကြိုးကိုသူ့ခြေထောက်ကနေ ပြေလွတ်သွားအောင် ဆိတ်နေတတ်သည်။ အေးဘက သူ့ကြက်ခြေထောက် နာသွားမည်စိုး၍ ကြက်ခြေထောက်ကို အဝတ်စဖြင့် ပတ်ပြီးမှ ကြိုးချည်ထားခြင်း ဖြစ်သည်။ခြေထောက်သည် သူ့ကြက်၏ တိုက်ပွဲဝင်လက်နက် ဖြစ်သည်။ တိုက်ပွဲဝင်လက်နက်ကို အနာတရ မဖြစ်စေရဟူသော အခြေခံစည်းမျဉ်းလောက်ကိုတော့ အေးဘ သဘော

mgyoe.com

mgyoe.com SAMPLE BOOK

ပေါက်ပါသည်။

တိုက်ပွဲခေါ် သံပေးထားပြီးဖြစ်၍ တိုက်ပွဲဝင်မည့် ရွှေနီလင်းကိုအားမွေး ရင်း အနာတရ မဖြစ်အောင် ဂရုစိုက်သည့်အနေဖြင့် လှောင်အိမ်ထဲ ပိတ်လှောင် မထားဘဲ ပို၍လွတ်လပ်စွာ လှုပ်ရှားသွားလာနိုင်ရန် ညအိပ်ချိန် သူနှင့်အနီးဆုံးမှာ အေးဘက ကြိုးချည်လှန်ထားခြင်း ဖြစ်သည်။ ကြက်အိပ် ကြက်နိုးဆိုသည့်အတိုင်း ရွှေနီလင်းသည် ခဏခဏ နိုးသည်။ နိုးလာတိုင်း လှည့်ပတ်သွားသည်။ မျက်နှာပေါ် ခဏခဏ တက်တက်လာတတ်သဖြင့် အေးဘက စောင်ကို မျက်နှာဖုံးခေါင်းမြီးခြုံ ၍ အိပ်သည်။ တစ်ခါတလေမွန်ပြီး ချောင်းတွေ ထဆိုးသည်။

မနက်အိပ်ရာက ထပြီဆိုသည်နှင့် ကြက်ပြုပြင်သည့်အလုပ်ကို သူလုပ် တော့သည်။ ကြက်ပြုပြင်သည့်အလုပ်ကို လုပ်နေရမည်ဆိုလျှင် အေးဘသည် အလုပ်ရှုပ် ပင်ပန်းသည်ဟု မထင်ပေ။ အေးဘက ကြက်ကို ဂရုစိုက်နေရချိန်တွင် ဦးသီးအေးမှာ အကူတစ်ယောက်ကို နေ့တွက်ပေးပြီး အလုပ်များလျှင်များသလို ခေါ်ခေါ်ခိုင်းရသည်။ ထိုအကူကို နေ့တွက်ပေးရလေတိုင်း မိညက်အေးက သူ့အစ်ကို ကို ပြောင်ကျကျပင် ငြူစူပြောဆိုတော့သည်။

"ဆင်ကိုးစီး ကျားကိုးစီး စားလို့မကုန်တဲ့လူတစ်ယောက် အိမ်မှာရှိလျက် နဲ့ သူများကို ပိုက်ဆံပေးနေရတယ်။ ဒီအိမ်မှာနေ ဒီအိမ်မှာအိပ် ဒီအိမ်မှာစားနေပြီး အိမ်အလုပ်ကျတော့ လက်ဖျားတောင် မတို့ဘူး၊ ယောကျ်ားရင့်မကြီးလုပ်ပြီး မရှက် တတ်တာ လူဖြစ်ရှုံးတာနဲ့အတူတူပဲ၊ အမိတို့အဖတို့များ ဘယ်လိုသားကို မွေးထုတ် လိုက်သလဲ မသိပါဘူးတော်"

အေးဘအတွက်ကတော့ သူ့နှမ မြည်တွန်တာလောက်ကိုတော့ ကြက် တွန်တာလောက်ကို နားထဲမရောက်တာ မိညက်အေးကိုယ်တိုင်သိသလို အဖတို့ အမိတို့ကလည်း သိပါသည်။ မိညက်အေး မကြားအောင် အေးဘ တိုးတိုး တုံ့ပြန် စကားတော့ ထွက်ဖြစ်အောင် ထွက်လိုက်ပါသေးသည်။

"ပြော ပြော ကြိုက်သလောက်ပြော၊ နင့်စကား နင့်နားပဲ ကြားတယ် မိညက်ရေ့"

အေးဘပြောတာ မမှန်ပါ။ မိညက်အေးပြောတာကို အဖ သီးအေးကလည်း ကြားသည်။ အမိ ဖွားညက်ကလည်း ကြားပါသည်။ ထို့မျှမက အရှေ့အနောက် တောင်မြောက်သုံးအိမ်တို့ကလည်း ကြားပါသည်။ အေးဘကတော့ မိညက်အေး ဘယ်လိုမြည်မြည် သူ့တိုက်ပွဲဝင် ရွှေနီလင်းကို နှိပ်နယ်ပေးသည့် အလုပ်အပေါ်မှာပဲ

mgyoe.com

mgyoe.com
SAMPLE BOOK

အာရုံထားနေသည်။

"အမိအဖကို လက်ကလေးတစ်ဖျစ်လောက် နှိပ်ပေးလိုက်ရင် အသက်ထွက်သွားမလားမသိဘူး၊ သူ့ကြက်ကျတော့ နှိပ်လိုက်ရတဲ့ အနှိပ်ဆိုတာ အကြောထိပြီး ကျိုးပါစေတော်"

"မိညက်၊ နင်ဘာလို့ ငါ့ကြက်ကို ကျိန်နေရတာလဲ၊ ငါမပြောချင်လို့ ကြည့်နေတာနော်၊ အကြီးကိုလေးစားရမှန်း မသိဘူး"

မိညက်အေးက အနီးမှာ အလွယ်တကူတွေ့သည့် ပေါက်တူးကို အသွားဘက်ကကိုင်ပြီး အေးဘဆီ ရောက်ချလာသည်။ အေးဘက ဒါမျိုးကျတော့ မျက်စိလျင်သည်။ သူ့ကြက်ကို ကောက်ကိုင်ပြီး ခြံထဲက ထွက်ပြေးသည်။

"မိညက်နော်၊ ကြက်ရှိနေလို့ နင်သက်သာသွားတယ်မှတ်"

အေးဘက အော်အော်ပြေးပြေးဖြင့် အိမ်ရှေ့လမ်းအတိုင်း ပြေးသွားသည်။ အေးဘကတော့ ကြိုတင်တွက်ထားပြီးသား ဖြစ်ပါသည်။ထိုတွက်ထားသည့်အတိုင်းပင် မိညက်အေးလက်ထဲက ပေါက်တူးသည် ခြံဝအထိလွင့်ပျံလာလေသည်။အေးဘက မိညက်အေးလက်ဆကို သိပြီးဖြစ်၍ ပေါက်တူးသည် အေးဘကို အမိမလိုက်နိုင်ပေ။

"ဆန်ကုန်မြေလေးဆိုတာ ဒင်းမှဒင်းအစစ်"

မိညက်အေးပြောသော စကားကို အေးဘတစ်ယောက် ခပ်လှမ်းလှမ်းကပင် ကြားရလေသည်။ သို့သော်လည်း အိမ်နှင့်ဝေးရာ ရှောင်ထွက်သွားရင်း အေးဘပြောသွားသော စကားကိုတော့ မိညက်အေး မကြားတော့ပေ။

"မိညက် မိညက်၊ နင်က ငါငွေရှာနေတာကျတော့ မကြည့်ဘူး၊ ငါ့ငွေကောင်နဲ့ ငါ့ပဲရန်လုပ်နေတယ်၊ တစ်နေ့ကျတော့မှ နင့်ရှေ့ ငွေအိတ်ကြီး ပစ်ချပြဦးမယ်၊ စောင့်ကြည့်နေ"

အေးဘစကားကိုသာ မိညက်အေးကြားလျှင် အားရပါးရ လှောင်ရယ်ရယ်ပေလိမ့်မည်။ အေးဘကို မိညက်အေး အထင်မကြီးသလို အကြောင်းသိတွေကလည်း အထင်သေးဖို့ရာ ဝန်မလေးလှပါ။ အေးဘက သူ့နှမ မကြားနိုင်တော့ဘူးဆိုလျှင် ပြောချင်တာတွေ များလှပေသည်။

"မင်းစိတ်မဆိုးနဲ့ ရွှေနီ။ ငါ့နှမလေးက စိတ်ရင်းကောင်းပါတယ်ကွ။ ကြည့်လေ၊ မင်းကို ဘယ်လောက် စိတ်ဆိုးစိတ်ဆိုး ငါ့အလစ်မှာ ရှင်းပစ်လိုက်လို့ ရတာပဲ။ ဒါပေမဲ့ မင်းကို ရန်မမူဘူး မဟုတ်လား။ ငါ အိမ်အလုပ်မကူတော့ သူတစ်ယောက်

mgyoe.com

 mgyoe.com SAMPLE BOOK 

တည်း လုပ်နေရတယ်၊ ပင်ပန်းတယ် လို့ထင်တာပေ့ါ။ ငါမှ မအားတာ။ မင်းအသိဆုံးပဲ ရွှေနီ"

အေးဘစကားကို ရွှေနီလင်းသာ ကြားသည်။ အေးဘဘက်က တွေးတော့လည်း ဟုတ်နေသားပဲဟု ထင်စရာပင်။ အေးဘ၏ တိုက်ကြက်ကြီး ရွှေနီလင်းကို ကိစ္စတုံးချင်လျှင် မိညက်အေးတစ်ယောက် အချိန်မရွေး လုပ်ပစ်လိုက်လို့ရသည် မဟုတ်လား။ သို့သော်လည်း မိညက်အေးက ရွှေနီလင်းကို မထိပေ။တိုက်ကြက်တစ်ကောင်၏ ဈေးနှုန်းကို မိညက်အေး ကောင်းကောင်းသိသည် မဟုတ်ပါလား။

"ဒီသောက်ကြက်ကြီးကို ရိုက်သတ်ပစ်လိုက်ချင်တယ် ဆိုတာ လက်ကိုယားနေတာပဲ။ တိုက်ကြက်သေသွားရင် နောက်ထပ် တိုက်ကြက်ဝယ်ဖို့ ပိုက်ဆံထုတ်ပေးရမှာမို့သာ ကြည့်နေရတာ။ အမိကလည်း သူ့သားတစ်နွဲ့ပဲ။ စုထား လိပ်ထားတဲ့ ပိုက်ဆံတွေ ရေ့အင့်နဲ့ ပါသွားမှာ။ သောက်တိုက်ကြက် တစ်ကောင်တစ်ကောင်ကလည်း ဈေးကြီးလိုက်တာလွန်ရော။ ဒီတစ်ပွဲမှာ ကန်းသွားပါစေတော်"

မကြည်မလင်နဲ့ တတွတ်တွတ် မြည်တမ်းနေသည့် မိညက်အေးစကားကိုကြားရတော့မှ အေးဘ သဘောပေါက်တာနှင့် မိညက်အေး သဘောထားအမှန်ကို ကွဲကွဲပြားပြား သိကြရမည်ဖြစ်လေသည်။ အေးဘက တောဂျွန်ထန်းတဲဘက်ကို ထွက်လာလိုက်သည်။ ချိန်းထားသည့်ရက်က နှစ်ရက်သာ ကျန်တော့သည်။ အေးဘအတွက် အချိန်တွေနည်းလာပြီ ဖြစ်သည်။ သူတို့၏အလုပ်သည် ရက်အတိအကျ၊ အချိန်အတိအကျနှင့် လုပ်ရသော အလွန်စနစ်ကျသည့်အလုပ်ဖြစ်ကြောင်း နှမဖြစ်သူ မိညက်အေးတစ်ယောက် သဘောပေါက် တန်ဖိုးမထားတတ်ပါကလားဟု တွေးကာ အေးဘ ရင်ခံသွားရလေသည်။

တောဂျွန်ထန်းတဲရောက်တော့ အေးဘက သူ့အလုပ်ကို ဆက်လုပ်သည်။ လက်လည်း မနားရ၊ ပါးစပ်လည်း မနားရ၊ ပုဆိုးလည်း မနားရပေ။ တောဂျွန်ချပေးသော ညသိပ်ချဉ်တူးထန်းရည်ပြင်းခွက်ကိုပင် မကိုင်အားအောင် အေးဘအလုပ်ရှုပ်လျက် ရှိလေသည်။

"အမိနေဉ်၊ အစ်ကို့ကို ကြပ်ကြပ်အလို လိုက်နေ။ ကြာလေ အသုံးမကျလေဖြစ်နေပြီ"

"ဘေးမဲ့သာထားလိုက်ပါ မိညက်ရယ်"

"ဘေးမဲ့၊ ဟုတ်လားအမိ။ ဒါဆိုရင်လည်း ဘေးမဲ့လွှတ်ထားတဲ့ ကျွဲနွားတွေလို ရှာစားပါလား။ ဘာလို့ အိမ်လာစားနေသေးတာလဲ"

mgyoe.com

mgyoe.com SAMPLE BOOK

"ဟဲ့ မိညက်၊ ညည်း ဘယ်လိုပြောလိုက်တာလဲ။ ဘေးကြားလို့ကြား မကောင်း၊ အဲဒါ ညည်းအစ်ကိုအရင်းခေါက်ခေါက်ဟဲ့"

"အစ်ကိုအရင်းခေါက်ခေါက်မို့လို့ပေါ့ မဟုတ်ရင် အိမ်အရိပ်တောင် နင်းလို့ မရဘူး။ အမိက ရှေ့က ကန့်လန့်ကာပေး၊ နောက်က ဖြည့်ပေးနဲ့ အစ်ကို ပိုပျက်စီးလာတာ။ ဘာမှလုပ်မပေးရင် ဒီလောက် မပျက်စီးနိုင်ဘူး။ သူ့ဟာသူ ရှာရမယ်ဆိုရင် ဒီလောက်မရှာနိုင်လို့ ဒီလောက်ပျက်စီးမှာ မဟုတ်ဘူး"

"ညည်းမအေကို ခံပြောမနေနဲ့ မိညက်။ ညည်းလည်း ညည်းအစ်ကိုလို ဘာမှမလုပ်ချင်ဘူးဆိုရင် မလုပ်ပဲနေ။ ညည်း ထမင်းအငတ်မထားဘူး၊ စားရမှာပဲ"

"အဲဒါပဲ၊ အမိပြောလိုက်ရင် ဒီကမ်း လာဆိုက်တော့တာပဲ။ ကျမက အလုပ် မလုပ်ချင်လို့၊ အလုပ်လုပ်ရလို့ ပြောနေတာ မဟုတ်ဘူး အမိရဲ့။ အစ်ကို ဒီ့ထက်ဒီပျက်စီးလာမှာ စိုးလို့ပြောတာ၊ ကြက်တိုက်၊ နွားတိုက်၊ ဖဲရိုက်နဲ့ လောင်းကစား စွဲနေတာ။ အခု ဘယ်အရွယ်ရောက်နေပြီလဲ။ ဒီကြားထဲ သူ့လောင်းကစားချေးငွေတွေ စိုက်လျော်ပေးနေရတာလည်း နည်းတာမဟုတ်ဘူး၊ ကျမ အကုန်သိတယ်"

မိညက်အေးအသံက ငိုသံပါလာတော့လည်း ဒေါ်ဖွားညက် ဆက်မပြောတော့ပေ။

"မိအိုဖအိုတွေ ကုန်းရုန်းအပင်ပန်းခံပြီး ခြစ်ချုံ့စုထားရတာလေးတွေကို လောင်းကစားနဲ့ ဖြုန်းတီးပစ်နေတာ။ ဘယ်လိုဝဋ်ကြွေးလည်း မသိတော့ပါဘူး"

မိညက်အေးက တစ်ယောက်တည်း တိုးတိုးဆောင့်ဆောင့် ရွတ်နေတာကို ဒေါ်ဖွားညက် မကြားတော့သလို အေးဘကလည်း မကြားနိုင်တော့သည့် ထန်းတောထဲ ရောက်နေပြီဖြစ်သည်။

❑

"နိဗ္ဗာန်ဆိုတာ ငါ တစ်နေ့နှစ်ခေါက် ရောက်နေတဲ့နေရာပဲဟေ့" ဟူသော ဦးသီးအေးစကားက သူမှန်လာ မူးလာပြီဆိုတာကို ဖော်ပြသည့် ရေချိန်ဖြစ်ပါသည်။ အသက်အရွယ်ကလေး ရလာပြီဆိုတော့ သောက်တာလျှော့ပြီး ကိုယ့်ဆီပါမည့် တရားအလုပ်ကလေး လုပ်ရအောင်ဟု ရွယ်တူသူငယ်ချင်းတွေက ဦးသီးအေးကို စည်းရုံးကြသည်။

"မင်းတို့က တရားအလုပ်ကို ဘာလို့လုပ်တာလဲကွ"

"နိဗ္ဗာန် (နိဗ္ဗာန်)ရောက်ချင်လို့ပေါ့ကွ"

mgyoe.com

mgyoe.com SAMPLE BOOK

"နိပန်(ဓနိပင်)ရောက်ချင်တာများ ငါ့နိတောထဲလိုက်၊ ရောက်ကရောပေါ့"

ဦးသီးအေးက ရွဲ့ပြောလိုက်ကြတော့ သူငယ်ချင်းတွေ နှုတ်ခမ်းမဲ့ကုန်ကြသည်။ ဦးသီးအေးကို ဆက်စကားပြောမနေကြတော့ဘဲ ရှောင်ထွက်သွားကြတော့သည်။

"သူတို့နိပန်ကလည်း အထိမခံပါလားကွာ၊ ငါ့နိပန်ကတော့ ကြိုက်သလိုခုတ်၊ ကြိုက်သလောက်လှီး၊ ကြိုက်သလိုထုထောင်း ခံသလားမမေးနဲ့။ ခုတ်လေရိုက်လေ ထုလေ ထောင်းလေ အရည်ပိုထွက်လေပဲ ဟားဟား"

ဦးသီးအေး လှောင်ရယ်သံကို ကြားကြသော်လည်း ပြောလိုက်သည့်စကားတွေကို သူငယ်ချင်းတွေက မကြားလိုက်ပေ။ သူတို့ကြားလိုက်ရသည်ဆိုလျှင်လည်း လူဝွစာ ဦးသီးအေးအတွက် သက်ပြင်းသာ ချလိုက်မိကြမည်ဖြစ်သည်။ ဦးသီးအေးမှာ အပေါင်းအသင်း နည်းနည်းသာရှိကြောင်း ရွာကလည်း သိပါသည်။ စကားပြောလျှင် စကားကြောမတည့်တာတွေ၊ ဘုဂလန့်ပြောတတ်တာတွေကြောင့် သူ့ကို ခင်မင်ပေါင်းသင်းသူတွေ ရှားသည်။

အေးဘမှာ ဦးသီးအေးသွေး နည်းနည်းပါသည်။ တစ်ခါတလေ ဘုဂလန့်ပြောတတ်ဆိုတတ်သည်။ မိညက်အေးမှာလည်း အဖသွေး နည်းနည်းပါသည်။ သူ ကန့်လန့်တိုက်ပြီဆိုလျှင် ဘယ်သူကမှ ဖြောင့်၍မရတော့။ မိညက်အေး ကန့်လန့်တိုက်သည့်အထဲတွင် မှတ်မှတ်ရရဖြစ်နေသော အချက်တစ်ချက်ရှိသည်။ အုန်းဆံကြိုးတန်းနှင့် တိုက်မိပြီး လဲမလိုဖြစ်သွားတုန်းက ဖြစ်သည်။ ထိုအုန်းဆံကြိုးက ထမီတန်း လုပ်ထားသောကြိုးဖြစ်သည်။ သူ ထမီလှန်းနေကျ ကြိုးတန်းလည်း ဖြစ်သည်။

တစ်ညတွင် ဗိုက်ထဲက အသည်းအသန်ရစ်လာသဖြင့် အိမ်နောက်ဖေးက အိမ်သာဆီ အပြေး အုန်းဆံကြိုးတန်းကို ဝင်တိုက်မိပြီး နောက်ပြန်လဲသည်။ သူ လူးလဲထလိုက်ပြီး အိမ်ထဲ ပြန်ဝင်သည်။ ဓားယူလာပြီး ကြိုးတန်းကို ဖြတ်ပစ်သည်။ ပြတ်သွားသော အုန်းဆံကြိုးကို အိမ်ထဲယူချလာသည်။ ဖယောင်းတိုင် သုံးတိုင် ထွန်းပြီး လိမ်ကျစ်ထားသော အုန်းဆံကြိုးကို ဖြည်သည်။

"ကြိုးလိမ်ကြိုးကောက်၊ နင်လိမ်နိုင် ကောက်နိုင်သေးလား။ ကြည့်ကြသေးတာပေါ့"

အုန်းဆံကြိုးကျစ်ထားတာကို ဖြည်ပစ်သည်။ စောစောက ရစ်နေသော ဗိုက်ကလည်း မိညက်အေးဆီကနေ ထွက်ပြေးသွားရပြီ ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

"မိညက်၊ ဘာလုပ်နေတာလဲ"

ဦးသီးအေးက အမူးရှိန်ကလေးဖြင့် မိညက်အေးကို မေးသည်။ မိညက်အေးက ကြိုးကို ဒေါသတကြီး ဖြည်နေရသဖြင့် အဖမေးတာကို မကြားလိုက်ပေ။ ဦးသီးအေးက သမီးလုပ်နေတာကို ကြည့်သည်။

"ဟဲ့မိညက်၊ အုန်းဆံကြိုးကို ဒီလိုဖြည်ပစ်လိုက်တော့ တစ်စစီဖြစ်သွားမှာပေါ့။ ဘယ်သုံးလို့ရတော့မလဲ"

"ဒီကြိုးက ကျမသွားတဲ့လမ်းမှာ ကန့်လန့်လုပ်နေတာလေ၊ အဲဒါကြောင့် မှတ်လောက် သားလောက်အောင် လုပ်နေတာ"

"ဟေ. . . အဲဒါ နင်တို့ထမိတန်းကြိုး မဟုတ်လား"

"ဟုတ်တယ် အဖ"

"ပေး. . . အဖလုပ်မယ်။ ငါ့သမီးကို ကန့်လန့်တိုက်တဲ့ ကြိုး။ နင်ကန့်လန့်တိုက်တာလောက်ကတော့ သီးအေးတို့ တစ်ချက်မရွံ့ဘူးဟေ့"

မိညက်အေး ဖြည်ထားသဖြင့် တစ်စစီပွနေသော အုန်းဆံကြိုးစတွေကို ဦးသီးအေးက မီးရှို့လိုက်သည်။ သမီးကန့်လန့်နှင့် အဖကန့်လန့်တို့ကို ကြည့်မိလျှင် ပြုံးမိကြပါလိမ့်မည်။

သူတို့သမီးအဖနှစ်ယောက်ကတော့ တကယ့်ကို စိတ်ပါလက်ပါ လုပ်နေကြခြင်း ဖြစ်သည်။ ဦးသီးအေးသည် သူ၏ရင်သွေးများသို့ သူ့သွေးဗီဇကို ခွဲတမ်းချပေးထားသည်ဟုပင် ဆိုရမလိုရှိလေသည်။

"နိဗန်ဆိုတာ ငါ တစ်နေ့နှစ်ခေါက် ရောက်နေတဲ့နေရာပဲဟေ့"

နိဗန်က ပြန်လာသော ဦးသီးအေး၏ခြေလှမ်းတို့သည် လမ်းကို ကန့်လန့်တိုက်၍ လျှောက်လာလေသည်။ ဦးသီးအေးက သူ့ရှေ့ကလမ်းကို လျှောက်လာရင်း ကြည့်လိုက်သည်။ သူက လမ်းကို ကန့်လန့်လျှောက်နေသည် မဟုတ်ပါဘဲ လမ်းက သူ့ရှေ့ကနေ ကန့်လန့်ခံနေသည်ဟု ဦးသီးအေး၏ ရှင်းလင်းပြတ်သားသော ကန့်လန့်အတွေးက သတိပေးလိုက်သည်။ လမ်းကို ဦးသီးအေး ကန်ထည့်လိုက်သည်။ ခြေမဦးကို လမ်းက ပွတ်ဆွဲသွားသည်။ သည်ခြေမဦးကို လမ်းက ငယ်နိုင်ဖြစ်နေသည်မှာ ကြာပေပြီ။ ဦးသီးအေး နိဗန်ကပြန်လာတိုင်း ထိုခြေမဦးသည် လမ်း၏ပွတ်တိုက်နှိပ်ကွပ်ခြင်းကို ခံရတော့သည်သာ ဖြစ်သည်။

"အေး. . . ဒီနေ့တော့ မင်းငါ့အကြောင်း ကောင်းကောင်းသိရတာပေါ့ကွာ"

mgyoe.com

mgyoe.com SAMPLE BOOK

ခြေမဦး ပွန်းပဲ့ခံလိုက်ရတာကို ဦးသီးအေးက သည်နေ့ကျမှ အသစ်အဆန်း လိုဖြစ်နေသည့်အတွက် လမ်းကတော့ အထူးအဆန်း ဖြစ်မနေပေ။ သူ ဘာလုပ် မလဲဆိုတာကိုလည်း စိတ်ဝင်စားမည် မဟုတ်ပေ။ ဦးသီးအေးက ခြေမဦးနှင့် တိုက်မိ သော လမ်းမြေကို ဖနောင့်ဖြင့် ပေါက်သည်။ ဒူးဖြင့် တိုက်သည်။ လက်သီးဖြင့် ထိုးသည်။ သည်နေ့ကျမှ လမ်းနှင့် ရန်ဖြစ်နေသော ဦးသီးအေးကို လူတွေက ခပ်လှမ်းလှမ်းကနေ ကြည့်ပြီး ရယ်နေကြသည်။လူ့ဂလန့် ဦးသီးအေးနားကိုတော့ ဘယ်သူမှ ကပ်မလာကြပေ။

"ဟာ အဖ၊ ဘာလုပ်နေတာလဲ"

"အေးဘလား၊ အတော်ပဲ။ ဒီလမ်းကို ဆုံးမစမ်းကွာ။ ငါ့ခြေမကို ခဏခဏ ဒုက္ခပေးနေတာ"

"ထစမ်းပါ အဖရာ၊ လူရယ်စရာကြီး။ လမ်းနဲ့ရန်ဖြစ်နေတာ"

"ဘာဖြစ်လဲကွ။ ငါ့ဟာငါဖြစ်တာ ဘယ်သူ့ သောက်ဂရုစိုက်ရမှာတုန်း"

အေးဘကလည်း အရက်သောက်တတ်သူ ဖြစ်သည်ပင်။ ယခုလည်း စိတ်ညစ်ညစ်ဖြင့် အရက်သောက်ပြီး ပြန်လာခြင်းဖြစ်သည်။ သူ့ရွှေနီလင်းကို အမြည်းလုပ်ခဲ့ပြီးမှ လက်ထဲပိုက်ပြန်ရမည့်ကြက် မရှိတာကို သတိရသွားပြီး တော ဂွန်ကို သောင်းကျန်းပြန်လာခဲ့ခြင်း ဖြစ်သည်။

"ကျွန်တော် စိတ်ညစ်နေတာနော်အဖ။ တစ်ခုခု လုပ်ပစ်ချင်နေတာ"

"ချလေ၊ ဒီလမ်းကို စိတ်ရှိလက်ရှိ ချပစ်လိုက်"

"ကျွန်တော်က မရူးဘူး အဖ။ လမ်းနဲ့ရန်ဖြစ်တာအရူးပဲဖြစ်တာ"

"ဟော့ကောင်၊ မင်း ငါ့ကန့်လန့်တိုက်နေတာလား"

"ကန့်လန့်တိုက်တာ လူတိုင်းတတ်ပါတယ်။ အဖတစ်ယောက်ပဲ တတ် တယ် မထင်နဲ့။ အခု ကျွန်တော်အိမ်ပြန်ပြီး အမိကို ကန့်လန့်တိုက်မလို့။ ကျွန်တော်က အရူးမဟုတ်ဘူး"

အေးဘက ပြောပြောဆိုဆို အိမ်ဘက်ကို ထွက်သွားသည်။ ဦးသီးအေးက သူ့သားကို မျက်လုံးမှေးပြီး အားစိုက်ကြည့်သည်။ သူ့သား ဝါးတားတားက သူ့ကို ဟိုထိုးဒီယိုင်ဖြင့် ကန့်လန့်တိုက် လမ်းလျှောက်ပြသွားသည်။

"အေး ကောင်းတယ်။ မင်းလိုကောင်က မိညက်နဲ့မှ တန်တာ"

အေးဘ နောက်ကနေ ဦးသီးအေး အိမ်ဘက်ကို လိုက်လာခဲ့သည်။ သူတို့ သားအဖနှစ်ယောက်ကို ကြည့်ပြီး မြင်လိုက်သူတွေမှာ ရယ်ရခက် မဲ့ရအခက် ဖြစ်

mgyoe.com

mgyoe.com
SAMPLE BOOK

သွားသည်။ အေးဘ ပြောသွားသည့်အတိုင်း ဒေါ်ဖွားညက်ကို ကန့်လန့် တကယ်တိုက်မလား၊ ဦးသီးအေးပြောသွားသလို မိညက်အေးနှင့် အေးဘတို့ ထိပ်တိုက်တွေ့ကြမလားဆိုတာကိုတော့ သူတို့နောက် လိုက်ကြည့်တော့မှပဲ သိရပေတော့မည်။

အေးဘက သည်နေ့ချိန်းပွဲတွင် သူကောင်ရွှေနီလင်း ရှုံးသွားသဖြင့် စိတ်တွေဆိုးနေသည်။ ရွှေနီလင်းကို ကြည့်ရင်းကြည့်ရင်း သူ့ဒေါသက ငယ်ထိပ်အထိ ရောက်လာသည်။ သည်ကြားထဲ ရွှေနီလင်းက သူ့လက်ကို လှမ်းလှမ်း ဆိတ်နေသဖြင့် စိတ်ပေါက်သွားကာ လွှင့်ပစ်လိုက်သည်။

ချက်လိုက်တော့ဟု တောဂျွန်ကိုပြောလိုက်သည်။ တောဂျွန်က မထနိုင်သော ရွှေနီလင်းကို ကောက်ကိုင်လိုက်သည်။ ဘအေးကို လှမ်းကြည့်လိုက်တော့ ဘအေးက ခေါင်းခါပြပြီး လက်ဝါးနှစ်ဘက်ရစ်ပြကာ ကြက်ချင်းလဲချက်ဖို့ သင်္ကေတပြလိုက်သည်။ သည်တစ်ကြိမ်မှာ အေးဘ တော်တော်လေး ထိသွားသည်။ အကြွေးတွေလည်း အများကြီး တင်သွားသည်။ သူအကြွေးပေးရမည့် ငွေပမာဏကို တွက်ကြည့်ပြီး အမိဆီက ရနိုင်မည်၊ မရနိုင်မည်ကိုတော့ အနာဂတ်ကို ကြည့်ရပေတော့မည်။

အေးဘက ရှေ့ကနေ လမ်းအပြည့်လျှောက်နေသလို၊ ဦးသီးအေးကလည်း နောက်ကနေ သားယိုင်အဖယိုင်၊ သားယိမ်းအဖယိမ်းဖြင့် ဖဝါးခြေထပ်လိုက်ပါလာခဲ့သည်။ "နိဗ္ဗာန်ဆိုတာ ငါတစ်နေ့နှစ်ခေါက်ရောက်နေတဲ့နေရာပဲဟေ့" ဟူသောအသံကို ဦးသီးအေးဆီက ကြားလာရသည်။ ဦးသီးအေးမျက်လုံးထဲတွင် အေးဘက ပိုကြီးကြီးလာပြီး၊ ရုပ်လုံးကလည်း ပိုပိုကြည်လာသည်။ နောက်ဆုံးတိုက်မိမတတ် ဖြစ်သွားတော့မှ သူ့သားက ရပ်နေတာဖြစ်ကြောင်း ဦးသီးအေးသိလိုက်ရသည်။

"ဟေ့ကောင်၊ ဘာလို့ရပ်နေတာလဲ။ အိမ်ထဲဝင်လေ"

"ဒါ ကျွန်တော်တို့အိမ်ဆိုတာ သေချာလား"

"သေချာတာပေါ့၊ ကြည့်နေ ငါဝင်သွားပြမယ်"

အေးဘက ဦးသီးအေးကို ရှောင်ပေးလိုက်သည်။ "နိဗ္ဗာန်က ငါတစ်နေ့နှစ်ခေါက်ရောက်နေတဲ့နေရာပဲဟေ့" ဟူသော ဦးသီးအေးအသံက သူပြန်လာပြီဖြစ်ကြောင်း အိမ်ကိုသတင်းပို့လိုက်ခြင်း ဖြစ်သည်။ အေးဘကတော့ အိမ်ထဲက အခြေအနေကို အကဲခတ်ချင်သဖြင့် အဖဝင်ပြီးမှ လိုက်ဝင်သွားရန် တမင်စောင့်နေခြင်း ဖြစ်သည်။ အေးဘသည် မူးနေသော်လည်း သူ့ဘယ်လို ရှောင်တိမ်း

mgyoe.com

mgyoe.com SAMPLE BOOK

ရမည်ဆိုတာကိုတော့ မူး၍ မေ့သွားသည့်စာရင်းထဲကနေ ဖယ်ထားပုံရသည်။

"ဟာ သောက်. . . "

အေးဘ ဘာကိုစိတ်ပျက်သွားသလဲဆိုတာကို မသိကြသည့်တိုင် စိတ်ပျက်သွားတာကိုတော့ သူ့အဆဲကနေ သိနိုင်ပါသည်။ ဦးသီးအေး အပြန်ထမင်းကျွေးသူသည် မိညက်အေး ဖြစ်လေသည်။သည်အချက်ကို အေးဘ သတိလစ်သွားခြင်းဖြစ်သည်။ အမိနှင့် မတွေ့ရသေးမီ မိညက်အေးနှင့်တွေ့၍ မဖြစ်သေး ဟူသောအတွေးက ရုတ်တရက် အမူးပြေသလိုဖြစ်သွားစေသည်။ သူ့နှမ မိညက်အေးဖယောင်းတိုင် ကိုင်ထွက်လာသည့်ပုံရိပ်က သူ့ကိုသေချာအောင် သတိပေးလိုက်သည်။ အေးဘသည် အိမ်ဝင်းထဲ ဝင်မသွားသေးဘဲ အမှောင်ရိပ်ကိုခိုကာ အခြေအနေကို ကြည့်နေသည်။

"ဟော့ကောင် အေးဘ၊ ဝင်လာလေကွာ။ ဒါ ငါတို့အိမ်ပါ။ ငါပြောတယ် မဟုတ်လား။ ငါတို့အိမ်ပါလို့ မင်းကြည့်လိုက်။ ဒီမှာ မင်းနှမ မိညက်အေး ဖယောင်းတိုင်မီး ကိုင်ထားတာ လာဝင်ခဲ့"

အမှောင်ထဲက လှုပ်သွားသောအရိပ်ကို သူ့နှမ မြင်လိုက်မည်စိုး၍ အေးဘ တုပ်တုပ်မျှ မလှုပ်ဘဲ ဝပ်နေသည့်အနေအထားအတိုင်း ငြိမ်နေလိုက်ရသည်။

"အဖ ဒီနေ့တော်တော်များတယ် ထင်တယ်။ အသက်တွေလည်းကြီးပါပြီ အဖရယ်၊ လျှော့သောက်မှပေါ့"

"ပိုမသောက်ပါဘူး မိညက်ရဲ့၊ အဖ ပုံမှန်သောက်တာပါ"

"အဖကသာ ပုံမှန်နေ၊ အခုပဲ ဟော့ကောင် အေးဘဝင်လာခဲ့ဆိုပြီး အော်နေတာ။ ဘယ်သူမှလည်းရှိတာ မဟုတ်ဘဲနဲ့"

"ဟိုကောင် အေးဘ၊ ဘယ်ရောက်သွားတာလဲ။ အခုပဲ အဖနဲ့အတူ လာတာလေ"

အေးဘ လန့်သွားသည်။ မိညက်အေးသာ ဖယောင်းတိုင်မီးကိုင်ပြီး အိမ်ပေါက်ဝ ရောက်လာလျှင် သူ မလှုပ်မယှက်နေ၍ရတော့မည် မဟုတ်ပေ။ အခုဆိုလျှင် မိညက်အေး ဘယ်လိုလုပ်မလဲ ဆိုတာကို စိတ်ဝင်စားစရာဖြစ်လာပြီ ဖြစ်သည်။ သို့သော်လည်း မိညက်အေးသည် စိတ်ဝင်စားအောင် မျက်လှည့်ပြသူ မဟုတ်ကြောင်း အိမ်ထဲပြန်ဝင်သွားခြင်းဖြင့် ပြသလိုက်ပါသည်။

"အဖပြောတာ အမှန်ဆိုရင် သူ့အိမ်သူ ဝင်တတ်ပါတယ်။ အဖ ပိုမသောက်ဘူးဆိုတာ ထမင်းစားမစားနဲ့ ဆုံးဖြတ်ရမှာပဲ"

mgyoe.com

mgyoe.com
SAMPLE BOOK

"အဖ မစားတော့ဘူးဆိုရင်ရော"

"တကယ်လား၊ ဒါဆိုဝက်စာအိုးထဲ သွားသွန်လိုက်တော့မယ်"

"မစားလို့ရမလား မိညက်ရဲ့၊ ဒီထမင်းနဲ့ အသက်ဆက်နေရတာကို"

သမီးကန့်လန့်ကို အဖကန့်လန့်က အလျှော့ပေးလိုက်ရသည်။ မလျှော့လျှင်လည်း သည်သမီးကန့်လန့်က အဖသောဘာသော စဉ်းစားနေမည် မဟုတ်ပေ။ ပုံမှန်အတိုင်းဆိုလျှင် မနက်ထမင်းချက်ချိန် သိုးနေပြီဆိုတော့မှ ဝက်စာအိုးထဲ ထည့်နေကျဖြစ်သည်။ အဖကို ကန့်လန့်တိုက်ရမည်ဆိုလျှင်တော့ ထိုသမီး မိညက်အေးသည် ထမင်းအိုးကို ချက်ချင်းမှောက်သွန်ပစ်လိုက်မည်မှာ သေချာသည်။

"ဝက်စာထဲထည့်ဖို့ဆို အဖကို ကျမစောင့်ပြီး ကျွေးနေမှာ မဟုတ်ဘူး။ အဖမို့သာ မအိပ်ဘဲစောင့်နေတာနော်။ အဖကန့်လန့်တိုက်ရင် ကျမကလည်း ပြန်တိုက်ရုံပဲ"

"အေးပါ မယ်မင်းညက်ရယ်. . . ငါ့သမီးကျွေးတဲ့ထမင်း ဘယ်တုန်းက မစားဘဲနေလို့လဲ။ ငါ့သမီး ထမင်းနဲ့အသက်ဆက်နေတာနော်။ ဒီသမီးမရှိရင် သီးအေးဆိုတာလည်း မရှိတော့ဘူးဘဲ"

"ဒါဆိုလည်း လျှော့သောက်၊ လျှော့သောက်လေ အသက်တိုးလေပဲ အဖရဲ့။ တိုးသောက်ရင်တော့ အသက်လျှော့သွားမယ်။ ပင်ပန်းလို့ သောက်တယ်ဆိုလို့နော်"

"အဲဒါ ငါ့သမီးမိညက်ပဲ၊ ဒီသမီးရှိသရွေ့ ဒီအဖ ရှိနေမှာပဲကွ"

မိညက်အေးက ကျေနပ်သွားသည်။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# (၃)

"အဖနဲ့အတူ အစ်ကို ပါလာတယ်ဆိုတာ တကယ်လား"

မိညက်အေးက သူ့အဖကို ထမင်းပွဲပြင်ပေးပြီး လက်ထဲက ဖယောင်းတိုင်ကိုပါ စားပွဲဝိုင်းပေါ် အစက်ချ စိုက်လိုက်သည်။ အဖနှင့် မျက်နှာချင်းဆိုင်တွင်လည်း ထိုင်ချလိုက်သည်။ ဦးသီးအေးက သမီးကို မျက်လုံးလှန်ကြည့်သည်။ ငပိဖျော်နှင့် ထမင်းကို နယ်ဖပ်ရင်းကနေ ကန့်လန့်သမီးကို မကျေတလည် ကြည့်သည်။

"အဖက လူမှန်းသူမှန်းမသိအောင် မူးလာတာ နင်တွေ့လို့လား မိညက်"

"ဒါဆိုရင် အစ်ကိုက လူမှန်းသူမှန်းမသိ မူးလာတယ်ပေါ့။ ကိုယ့်အိမ်တောင် ကိုယ်မမှတ်မိအောင် လူလွတ်စိတ်လွတ် ဖြစ်နေတယ်ပေါ့"

ဦးသီးအေး ထမင်းနယ်တာကို ရပ်လိုက်သည်။ ခါတိုင်း ထမင်းပွဲပြင်ပေးပြီးလျှင် သူ့အိပ်ရာဆီသွားနေကျ သမီးက ထမင်းဝိုင်းထဲ ကျကျနန ဝင်ထိုင်ပြီး စစ်လားမေးလား လုပ်နေတာကို အထူးအဆန်းသဖွယ် ကြည့်လိုက်သည်။ သမီးမေးတော့မှ ပြန်စဉ်းစားကြည့်သည်။ ထမင်းတစ်လုတ်ကိုလည်း သွတ်ထည့်လိုက်ပြီး စဉ်းစားရင်း ဝါးနေသည်။ ငါအမူးလွန်တာလား၊ ဟိုကောင် အမူးလွန်တာလား။

"ဒီကောင် လူမှန်းသူမှန်းတော့ သိပါတယ်။ ငါ့ကို အဖလို့ ခေါ်တာပဲ။ ဒါဆို ဒီကောင် အိမ်နားရောက်မှ လူမှန်းသူမှန်းမသိ မူးသွားတာလား။ ဒါလည်း မဖြစ်နိုင်ဘူး။ ငါလည်းသောက်တဲ့အသက် နည်းမှမနည်းတော့တာ။ မသောက်တော့

mgyoe.com

mgyoe.com SAMPLE BOOK

မှ ပိုပိုပြီး မူးလာတယ်ဆိုတာ မရှိပါဘူး"

သူ့ကိုယ်သူပြောသလို စဉ်းစားပြီး ပြောနေသည်။ မိညက်အေးက သူ့အဖကို စိုက်ကြည့်နေလေသည်။ ဖယောင်းတိုင်တစ်တိုင်ကို ဆတ်ခနဲ နုတ်ယူလိုက်သည်။ လက်ထောက်ပြီး ထမည်ပြင်တော့ ဦးသီးအေးဆီက စဉ်းစားလက်စ စကား ထပ်ထွက်လာသည်။

"ဒီကောင် တော်တော်စိတ်ညစ်လာတယ်လို့ ပြောလိုက်တယ်နဲ့တူတယ်"

"ဒါဆို သေချာသွားပြီ။ သူ့ကြက်ရှုံးသွားတာနေမှာ။ အဖသားကို အကြွေးဆပ်ပေးဖို့ စုထားတာလေးတွေ ထုပ်ထားပေရော့"

မိညက်အေးက ဆောင့်ဆောင့်အောင့်အောင့် ထရပ်လိုက်သည်။ဦးသီးအေးမှာ ထမင်းလုတ်ကို လက်ထဲကိုင်ထားရင်းက သမီးကိုမော့ကြည့်သည်။

"အဖက ဘယ်တုန်းက ငွေကိုင်လို့လဲ။ ညည်းအမိကိုပဲ ပြော"

မိညက်အေးက ခြေဆောင့်ပြီး မီးဖိုချောင်ကနေ ထွက်လာလိုက်သည်။ အိမ်ရှေ့ကို မကျေကြည့် သွားကြည့်လိုက်သေးသည်။ အေးဘကတော့ ဦးသီးအေးကို မိညက်အေးထမင်းပွဲ ပြင်ပေးနေကတည်းက အိမ်ဝင်းထဲ ဝင်လာပြီး ပုန်းနေပြီဖြစ်သည်။ မိညက်အေး ခြံတံခါးပိတ်ပြီး အိမ်ပေါ် တက်သွားတော့မှ ပုန်းနေရာကနေ ထွက်လိုက်သည်။

အေးဘတို့အိမ်ကလူတွေက ခေါင်းချလိုက်တာနှင့် အိပ်ပျော်သွားတတ်သူတွေဖြစ်သည်။ ဦးသီးအေး၊ ဒေါ် ဖွားညက်၊ မိညက်အေးတို့က တစ်ကုန် တောင်ကျချောင်းစီးသလို မရပ်မနား အလုပ်လုပ်ထားကြရသည် ဆိုတော့ ညဆိုလျှင် မျက်လုံးလည်းစင်း၊ လူလည်းခွေကုန်ကြပြီ ဖြစ်သည်။ ထမင်းလမ်းပြ သောက်ထားသောအရက်က ဦးသီးအေးကို ထမင်းဆင်းလမ်းညွှန်သာမက မျက်ခွံဆွဲပိတ်တာကိုပါ အကျိုးဆောင်ပေးပါသည်။ အေးဘကလည်း တစ်နေကုန် နားနားနေနေ နေခဲ့သူမဟုတ်ပေ။ သည်နေ့တစ်နေ့လုံး သူ့မှာ မရပ်မနား အလုပ်လုပ်ထားရသည်။မနက်အစောကြီး ထခဲ့ရသည်။ ကြက်ကိုင်ကြက်သ လုပ်ရသည်။ လောင်းကြေးအတွက် ကြိုတင်ပြောပြီး ချေးထားသောငွေတွေကို လိုက်စုရသည်။

ချိန်းသည့်နေရာအရောက်လည်း ရောက်အောင်သွားရသည်။ သည်ကြားထဲ အသည်းကောင်းကြသည့် ရွှေနီလင်းနှင့် အာဂမောင်တို့ကလည်း ရေကုန်ရေခမ်း တွယ်လိုက်ကြသည်မှာ ၃ နာရီကျော်ကျော်လောက် ကြာသွားသည်။ ကြက်နှစ်ကောင် စလုံးခေါင်းတွေ သွေးချင်းချင်းရဲနေသည်။ တောင်ပံတွေကလည်း ရေနူးသဖြင့်

mgyoe.com

mgyoe.com SAMPLE BOOK

ပျော်ကျသွားတော့မလား ထင်ရသည်။ ကုန်းကုန်းကုန်းကုန်းနှင့် ကြက်ကိုင်ခဲ့ရသော အေးဘ၏ခါးတွေပင်လျှင် အကြောလိုက်သွားသဖြင့် မနည်းဆွဲဆန့်မတ်ခဲ့ရသည်။

အေးဘသည် ခါးကြောရှည်သူ ဖြစ်သည်။ ခါးကြောရှည်သဖြင့် အရပ်က လည်း ရှည်ပါသည်။ ၆ ပေကျော်သော သူ့အရပ်သည် လူတွေကြားတွင် ခေါင်း တစ်လုံးပိုမြင့်အောင် ဂုဏ်ဆောင်ပေးလေ့ ရှိသည်။ ထိုဂုဏ်ဆောင်အရပ်သည် ကြက်တိုက်သည့်အချိန်တွင် ခါးရှည်ခြင်း၏ အပြစ်ကို ပီပီပြင်ပြင်ပြသလေ့ ရှိသည်။ အေးဘခါးသည် အခြားသောသူတို့၏ခါးထက် ပိုရှည်သဖြင့် ခါးကုန်းလိုက်သော အခါတွင်လည်း အရိုးက ပိုချိုးပေးနေရလေသည်။ ထိုအခါ အေးဘသည် ခါး၏ ဒဏ်ကို ကောင်းကောင်းကြီး ခံရတော့သည်။

ကြက်တွေက အသည်းကောင်းသော်လည်း အမောကြီးနေကြပြီ ဖြစ်လေ ရာ လွှတ်လိုက်ချိန်တွင် တစ်ချက်ဆိုင်ခွပ်ပြီးသည်နှင့် နီးရာကောင်က ပြိုင်ဘက် တောင်ပံကြား ခေါင်းတိုးပြီး အမောဖြေနေတော့သည်။ ပြိုင်ဘက်ကြက်ကလည်း သူ့တောင်ပံထဲ ခေါင်းထည့်ထားသော ပြိုင်ဘက်နှင့်အတူ နားကာ အမောဖြေနေတော့ သည်။ နှစ်နာရီလောက်အထိကတော့ အသဲအမဲ အနားမပေးတမ်း ခွပ်ခဲ့ကြသည်။ နှစ်နာရီကျော်သွားကတည်းက နှစ်ဦးနှစ်ဘက် ညှိနှိုင်းထားသလို တစ်ချက်ခွပ်၊ ခေါင်းတိုးဖြင့် ပွဲချိန်ကို ဆန့်ထုတ်ထားကြသည်။ အနိုင်မခံ အရှုံးမပေး တိုက်ပွဲ ဝင်နေဆဲဖြစ်ကြောင်း ပြသလျက် ရှိသည်။

ကြက်တွေက နားနားနေနေ လုပ်နေကြချိန်တွင် ကြက်ကိုင်နှစ်ယောက် ကတော့ မနားကြရပေ။ ဆောင့်ဆောင့်ထိုင် အနေအထားကနေ ကိုယ့်ကြက်ကိုယ် လှုံ့ဆော်နေကြရသည်။ ကြက်ခေါင်းကို လေမှုတ်သည်။ ပါးစပ်ထဲ ရေထည့်ပြီး ရေဖြင့် မှုတ်သည်။ နားနားလက်ဖြောင့်တီးပြီး အချက်ပြသည်။ ကြက်တွေက မျက်လုံးတွေ ထိထားတော့ ဖောင်းကားနေကြသည်။ ရေပေး၊ အာငွေ့ပေး၊ အဝတ် ဖိနှိပ်ပေးထားသဖြင့် လန်းသယောင် ရှိသွားသော်လည်း သွေးတွေက ခွပ်နေရင်း မှာပင် ယိုစီးကျလာသည်။ မျက်လုံးတွေ ဖောင်းတက်လာပြီး တစ်ကောင့်တစ်ကောင် သေသေချာချာ မမြင်ရတော့ပေ။

မကြာမကြာဆိုသလိုပင် ဘေးချင်းကပ်နေကြပြီး ရန်သူပျောက်နေကြ သည်။ ကြက်ကိုင်တွေက လက်ဖြောင့်တီးပြီး ရန်သူ့နေရာကို အချက်ပြပေးသည်။ ပါးစပ်ကနေ ကွပ်ကွပ်အသံပေးပြီး ရန်သူ့ဘက်ကို လမ်းညွှန်ပေးကြသည်။ ကြက် တွေက ငြိမ်နေကြသည်။ ကြက်ကိုင်တွေကတော့ ခုန်ဆွခုန်ဆွဖြင့် အားမလိုအားမရ
mgyoe.com

မြှောက်ပေးနေကြသည်။ အေးဘမှာ ဆောင့်ဆောင့် အနေအထားကနေ ခါးကို လှန်ဆန့် အညောင်းဖြေနေရသည်မှာလည်း ခဏခဏပင် ဖြစ်သည်။ ခါးဆန့်လိုက်တိုင်း တဂျွတ်ဂျွတ် အရိုးလှုပ်ရှားသံကို ကြားနေရလေသည်။

ကံက အေးဘနှင့် ရွှေနီလင်းဘက်တွင်ရှိနေသည်ဟု ဆိုရမည်။ အာဂမောင်မှာ မျက်လုံးနှစ်လုံးစလုံး ပိတ်သွားသည်။ ဘာကိုမှ မမြင်ရတော့ ရမ်းပြီး ထထခွပ်သည်။ အချက်ပြလက်ဖြောင့်တီးသောအသံနားထောင်ပြီး လက်ကိုခွပ်သည်။ ကြက်ခွဲသည့်အနေဖြင့် ကိုင်လိုက်လျှင် ကြက်ကိုင်ကို လှမ်းခွပ်သည်။ ရွှေနီလင်းကသာ ချက်ကောင်းကို အားပါပါတစ်ချက်လောက် တွယ်လိုက်နိုင်လျှင် ကိစ္စပြတ်သွားဖွယ်ရှိသည့် အနေအထားမျိုးဖြစ်သည်။ ကြက်တွေကို ကြည့်ရသည်မှာ မပြေးမချင်း ခွပ်တာနှင့်မတူဘဲ သူသေကိုယ်ခွပ်နေကြသလား ထင်ရသည်။ သူကြေကိုယ်ကြေတောင် ဖြစ်နေသည်ကို တွေ့နေရသည်။

အေးဘက တစ်ဖက်ကြက် မျက်လုံးမပွင့်တော့တာကို အခွင့်ကောင်းယူပြီး သူ့ကောင်ရွှေနီလင်းကို ပွဲဖြတ်ဖို့ စိတ်လောနေသည်။ ခေါင်းချင်းတည်ပြီး လွှတ်လိုက်လျှင် အာဂမောင်မှာ မျက်စိအားမကိုးနိုင်တော့ဘဲ နားအားကိုးကာ ခေါင်းထောင် နားစွင့်နေသည်။ ရွှေနီလင်းကလည်း လွှတ်လွှတ်ချင်း တစ်ချက်တော့ ရှေ့တိုးခွပ်လိုက်သည်။ မိတာရှိသလို လွတ်တာတွေလည်း များသည်။

ကြက်ပွဲကို အားပေးကြသူတွေကလည်း အာရုံအပြတ်မခံဘဲ ကြည့်နေကြသည်။ လောင်းထားကြသူတွေက ကိုယ်လောင်းထားသည့် ကြက်နာမည်ကို ခေါ်ကာ အားပေးနေကြသည်။ ဘေးကအသံတွေ ဘယ်လောက်ကျယ်ကျယ်၊ ဆူဆူ ကြက်နှစ်ကောင်က လန့်သွားခြင်းမရှိ၊ ရွံ့သွားခြင်း မရှိပေ။ မှတ်တမ်းမှတ်ရာ ထားမည်ဆိုလျှင် ရွှေနီလင်းနွဲဖူးသောပွဲတွေထဲတွင် သည်တစ်ပွဲသည် အကြာဆုံးပင် ဖြစ်ပေလိမ့်မည်။

"ရွှေနီ၊ ချလိုက်စမ်း၊ တစ်ချက်ကောင်းပဲ လိုတော့တာကွ"

"ရွှေနီရေ့. . . မင်းလက်ထဲ အောင်ပွဲရနေပြီကွ။ ချလိုက်စမ်း ငါ့သားကြီး"

ရွှေနီလင်းဘက်ကလူတွေ ပိုပြီးတက်ကြွနေကြသည်။ သူတို့ဘက်က အားသာနေသည်ဆိုတော့ တက်ကြွပေမပေါ့။ ကြက်နှစ်ကောင်ကတော့ ခေါင်းချင်းတည်မိကြလျှင်ပင် ဆွဲဆိတ်ဖို့ နေနေသာသာ သွေးအလိမ်းလိမ်းဖြစ်နေသော ခေါင်းအချင်းချင်း၊ နှုတ်သီးအချင်းချင်း၊ လည်တိုင်အချင်းချင်း ချောကာ ဖမ်းမရ၊ ထိန်းမရ၊ ဆိတ်မရ ဖြစ်နေကြသည်။ ကြက်ကိုင်နှစ်ယောက်မှာ ဖင်ဘူးတောင်းထောင်ပြီး

mgyoe.com

mgyoe.com SAMPLE BOOK

သူတို့နှစ်ကောင်ကပဲ ကြက်နှစ်ကောင်ထဲ ပူးဝင်ပြီးခွပ်ကြတော့မည့်အတိုင်း ဖြစ်နေကြလေသည်။

"ရွှေနီ၊ ရွှေနီ အကွက်ပဲဟေ့၊ ချလိုက်တော့ ငါ့ကောင်ကြီး"

ရွှေနီလင်းဘက်ကလူတွေ အော်ဟစ်အားပေးသံ ကျယ်ကျယ်လောင်လောင် ထွက်လာသည်။ အေးဘလည်း ပိုပြီး စိတ်လှုပ်ရှားလာကာ သူ့ကောင်ကို နှိုးဆော်အချက်ပြနေသည်။ အာဂမောင်သည် ရမ်းသမ်းခွပ်လိုက်သည့် ခွပ်ချက် လွဲသွားပြီး မြေပေါ်ပြန်အကျတွင် ခွေခေါက်လဲသွားသည်။ ခေါင်းကိုလည်း လမ်းပေါ် ချလိုက်သည်။ ရုတ်တရက်ကြည့်လိုက်လျှင် သေသွားသလား ထင်ရသည်။ အာဂမောင် ကြက်ကိုင်က သူ့ကောင်ကိုထဖို့ လက်ဖြောင့်တီး အချက်ပြနေသည်။ နားနားကပ်ပြီး အချက်ပြသော်လည်း အာဂမောင်က တုပ်တုပ်မျှပင် မလှုပ်တော့ပေ။

အေးဘကလည်း လဲကျနေသည့် အာဂမောင်အနားတွင် ရပ်နေသော ရွှေနီလင်းကို အာဂမောင်လဲနေသည့်နေရာ အချက်ပြ လမ်းညွှန်နေသည်။ ရွှေနီလင်းကလည်း တုပ်တုပ် မလှုပ်ဘဲ ရပ်မြဲရပ်နေသည်။ ကြက်ကိုင်နှစ်ယောက်မှာ ကိုယ့်ကြက်ပြန်ထဖို့ အချက်ပြနှိုးဆော်၊ အခွင့်အခါကောင်းရတုန်း ပွဲသိမ်းဖို့ အချက်ပြနှိုးဆော်နှင့် စိတ်အလှုပ်ရှားကြီး လှုပ်ရှားနေကြသည်။ အားပေးသူတွေကလည်း အကြီးအကျယ် စိတ်လှုပ်ရှားနေကြသည်။ နှလုံးရောဂါရှိလျှင် နှလုံးရပ်သွားနိုင်လောက်သည်။

ကြက်နှစ်ကောင်ကို ကြည့်ပြီး သံဝေဂပဲ ရရမလိုလို၊ သင်ခန်းစာပဲ ယူရမလိုလို အနေအထားမျိုးဖြစ်သည်။ တစ်ကောင်က အသေကောင်လို ငြိမ်သက်နေပြီး၊ တစ်ကောင်က ကျောက်ရုပ်လို ငြိမ်သက်နေသော်လည်း နှစ်ကောင်စလုံးမှာ တိုက်ပန်းတိုက်ကြေ ဖြစ်နေကြပြီဖြစ်သည်။ လဲကျငြိမ်နေသည့် ကြက်ကလည်း ထမပြေးသလို၊ ရပ်ပြီးငြိမ်နေသည့် ကြက်ကလည်း မလိုက်ပေ။ သို့ဖြစ်လေရာ ပွဲကမပြီးပေ။

"ပြန်ကောက်လိုက်ကြတော့ဟေ့"

"ဟုတ်တယ်၊ ပြန်ကောက်လိုက်ကြတော့ ဒီအတိုင်းထားရင် နှစ်ကောင်စလုံးအိပ်ပျော်သွားဖို့ပဲ ရှိတယ်"

နှစ်ဖက်စလုံးက ပြန်ကောက်ဖို့ အော်နေကြသဖြင့် နှစ်ဘက်သဘောတူ ခေါင်းညိတ်ပြီး ပြန်ကောက်လိုက်ကြသည်။ အေးဘကတော့ သူ့ကောင်က မတ်မတ်

mgyoe.com

mgyoe.com SAMPLE BOOK

ရပ်နိုင်ပြီး၊ တစ်ဖက် ကြက်က မတ်မတ် မရပ်နိုင်တော့တာ ကြည့်ပြီး၊ သူ့ကောင်ဘက်က အလားအလာကောင်းနေပြီဟု တွက်လိုက်သည်။ ရေပေး၊ အကိုင်ပေးပြီးသည့်နောက် ခေါင်းချင်းဆိုင် ပြန်လွှတ်သည်။ အာဂမောင်က ရှေ့တည့်တည့်ကို ပြေးခွပ်သည်။ မမြင်မကန်း ပြေးခွပ်လိုက်သော်လည်း ရွှေနီလင်းနှင့် တည့်တည့်တိုးပြီး ဆိုင်ခွပ်မိသွားကြသည်။ ရွှေနီလင်းရော၊ အာဂမောင်ရော မြေပေါ်ပြန်အကျတွင် ပစ်လဲသွားကြသည်။

ပွဲကြည့်ပရိသတ်တွေ ဟာခနဲ ဖြစ်သွားရသည်။ သို့သော် နှစ်ကောင်စလုံးပြန်ထလာကြသည်ကို တွေ့လိုက်ရသည်။ အသည်းကောင်းသလောက်၊ ဇွဲလည်းကြီးလှသည့် ကြက်နှစ်ကောင်ကို ကြည့်နေရသည်မှာ ရင်အောင့်စရာမြင်ကွင်းဖြစ်နေလေသည်။ ပွဲက ပွဲကောင်းဖြစ်သည်။ ရက်စက်သော ပွဲကောင်းဖြစ်သည်။ ပြန်ထလာသည့်နှစ်ကောင်စလုံးက မတည်မိကြဘဲ ဘေးချင်းကပ် ပျောက်နေကြသည်။

ကြက်ကိုင်တွေက သူတို့ကြက်တွေကို ရေတဖူးဖူးမှုတ်၊ လက်ဖြောင့်တီးသူနှင့် ကွပ်သံပေးသူတွေအဖြစ် ဇောခတ်တက်ကြွနေကြသည်။ ကြက်တွေကိုကြည့်ပြီး သနားလာကြသည်။ ကြက်ကိုင်တွေကိုပါ သနားလာရသည်။ ကိုယ်တိုင်မတိုက်ခိုက်ရသော တိုက်ပွဲတစ်ပွဲအတွက် သူတို့အားစိုက်ထုတ်နေရသည့် ကိုယ်စိတ်နှစ်ပါးပင်ပန်းမှုကား မသေးလှပေ။

ကြက်နှစ်ကောင်က မလှုပ်ကြတော့ လူတွေက ညာသံပေးနေကြသည်။ ထိုအသံကို ကြက်တွေက မကြားတာလား၊ ညာသံဖြင့် လှန့်၍မရသော အတွေ့အကြုံကြောင့်လား မသိ၊ တုံ့ပြန်မှုတစ်ခုမျှ မတွေ့ရပေ။ စောစောက ခွေလဲကျပြီး မထနိုင်သော အာဂမောင်မှာ အခုကျတော့လည်း ကောင်းကောင်း ရပ်နေနိုင်ပြန်ပြီဖြစ်သည်။ လူတွေက ဘယ်လောက်ပဲ ညာသံပေး လမ်းညွှန်အချက်ပြပါစေ၊ ကြက်တွေကတော့ ခြေပင်မကြွကြပေ။

"ပြန်ကောက်ကွာ၊ ဒီကောင်တွေ ရပ်နေတော့မှာ"

နှစ်ဘက်သဘောညီပြီး ပြန်ကောက်လိုက်ကြပြန်သည်။ ကြက်နှစ်ကောင်စလုံး၏ ခေါင်းတွေကတော့ သွေးထဲထိုးချပြီး ပြန်နုတ်ယူလိုက်သလို ရဲနေတော့သည်။ အေးဘက သူ့ကြက်ဝိတ်ကို ကိုင်ဆကြည့်သည်။ တောင်ပံတွေကလည်း သူတဖူးဖူး မှုတ်ထားသည့်ရေတွေဖြင့် မိုးမိထားသလို စိုနေသည်။တောင်ပံရေစိုဝိတ်ကြောင့် မခွပ်နိုင်တာဟု တွက်လေသလား မသိ၊ အဝတ်ဖြင့် သုတ်ပေးနေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

သည်တစ်ခါ ခေါင်းချင်းဆိုင်အလှတ်တွင် နှစ်ကောင်စလုံးက ရပ်နေကြသည်။ ပြန်ကောက် ပြန်ဆိုင်ပေးတော့လည်း ရပ်နေကြပြန်သည်။ ကြက်တွေက ကုန်သွားကြပြီ ထင်သည်။ ပြန်ကောက်ပြန်တည် ပြန်လွှတ်သော်လည်း မတိုက်ခိုက်ကြတော့ပေ။ သို့ဆိုလျှင် သရေပြန်ခွဲကြမည်လား မသိ။ သည်တစ်ခါ ကြက်တွေကို ကောက်လိုက်ပြီးနောက် အာဂမောင်ဘက်က ကမ်းလှမ်းချက်ထွက်လာသည်။

"ဘယ်လိုလုပ်မလဲ။ ဒီပုံအတိုင်းဆိုရင် အားလုံးမြင်ကြတဲ့အတိုင်း အရှုံးအနိုင်ပေါ်ဖို့ မလွယ်ဘူး။ နှစ်ကောင်စလုံး မတည်ကြတော့ဘူး။ နေဝင်မပြတ် နေထွက်ပြတ်ပြန်စမလား"

နေဝင်မပြတ်၊ နေထွက်ပြတ်ဆိုတော့ နှစ်ဘက်သေချာ ချိန်ဆရတော့မည်ဖြစ်သည်။ သည်နေ့ချိန်းပွဲက ညနေစောင်းတွင် ဖြစ်လေရာ နေလည်းကွယ်တော့မည်ဖြစ်သည်။ နေဝင်ချိန်အထိ မပြတ်လျှင် နောက်နေ့ နေထွက်ချိန်တွင် ပြန်တည်ပြီး အပြတ်ဖြတ်ရန် ညှိခြင်းဖြစ်သည်။ အောက်လင်းဓာတ်မီးနှင့် နေကုန်မီးဆက်တိုက်ကြတာမျိုးကို သည်ဘက်ခေတ်တွင် သိပ်မလုပ်ကြတော့ပေ။မီးရောင်က ညဘက်တွင် ကြက်ဝိုင်းရှိရာ လက်ယပ်ခေါ်နေသလိုဖြစ်သောကြောင့် ဒါဘာပွဲလို ခွင့်ပြုချက်ရတတ်သော ပွဲမျိုးမှာသာ နေကုန်မီးဆက်တိုက်ကြတော့သည်။

"နေလည်း ဝင်တော့မယ်၊ ခဏနားပြီး နောက်ဆုံးတစ်ချီ လွှတ်ကြည့်မယ်။ နေဝင်မပြတ် နေထွက်ပြတ်ကို ဆုံးဖြတ်တာပေါ့"

လောင်းထားကြသူတွေရဲ့ သဘောတူညီမှုရပြီးသည့်နောက်မှာတော့ ကြက်နှစ်ကောင်ကို ပြန်တည်လိုက်သည်။ လူတွေညှိနှိုင်းနေကြချိန်တွင် နည်းနည်းအနားရထားတော့ ကြက်တွေက မြေချလက်ထဲ ကိုင်ထားသည့်အချိန်မှာပင် လှုပ်ရှားနေကြသည်။ ခေါင်းတည် လွှတ်လိုက်သည်။ မျက်လုံးပိတ်နေသော အာဂမောင်က တဟုန်ထိုး ပြေးခွပ်ခွပ်သည်။ ရွှေနီလင်းမျက်လုံးကို တက်ပြင်းထိသွားသည်။ ကြည့်နေကြသူတွေလည်း ဟာခနဲ ဖြစ်သွားသည်။ သည်တစ်ခါတော့ ပွဲသိမ်းပြီ ထင်သည်။ရွှေနီလင်းမှာ ချက်ကောင်းထိသွားသဖြင့် လည်ထွက်သွားသည်။ တအွတ်အွတ် အသံထွက်လာပြီး ခေါင်းကိုခါနေသည်။

အာဂမောင်ကို ဆက်တွယ်ဖို့ ကြက်ကိုင်က အချက်ပြနေသည်။အေးဘကလည်း ရွှေနီလင်းခေါင်းနားထိ မတတ်ကပ်ပြီး လက်ဖြောင့်သာသာလေး တီးကာ အချက်ပြသည်။ ရွှေနီလင်းက အေးဘလက်ကို ပစ်ခွပ်သည်။ နှစ်ချက် ဆင့်ခွပ်လိုက်သော ရွှေနီလင်းကိုကြည့်ပြီး အံ့ဩသွားကြသည်။ တကယ့်ကောင် ရွှေနီလင်းပင်။

mgyoe.com

mgyoe.com

ပထမတစ်ချက် လက်ထိသွားသော်လည်း ဒုတိယတစ်ချက်ကိုတော့ အေးဘ လက်ရှောင်လိုက်နိုင်သဖြင့် အာဂမောင်ကို တည့်တည့်ခွပ်မိသွားသည်။

အာဂမောင်ကလည်း တကယ့်အာဂမောင်ပင်။ တည့်တည့်ဆိုင် အခွပ်ခံလိုက်ရသော်လည်း ချက်ချင်းပြန်ခွပ်လိုက်သည်။ တစ်ချက်ပြီး တစ်ချက်၊ နှစ်ချက်စလုံးထိသွားတော့ ရွှေနီလင်း ခါထွက်သွားသည်။ သို့သော်လည်း ရွှေနီလင်းက မပြေးဘဲ လည်ဆန့်ကာ တအွတ်အွတ် လုပ်နေသည်။ အာဂမောင်က ထိုအသံကို ကြားပြီး ပြေးခွပ်သည်။ နှစ်ကောင်စလုံး ပစ်ကျသွားသည်။ နှစ်ကောင်စလုံး ပစ်လဲသွားပြီး ငြိမ်သွားကြလေရာ သေသွားပြီလားဟု ထင်ရသည်။

"ကြည့်ရတာ နေထွက်ပြတ်ဖြတ်ရတော့မယ် ထင်တယ်"

ထိုအချိန်မှာပင် မထင်မှတ်သောအဖြစ်အပျက်တစ်ခု ရုတ်တရက် ထဖြစ်သွားသည်။ နှစ်ကောင်စလုံး အသေကောင်တွေလို လဲနေရာကနေ ရွှေနီလင်း ထလာပြီး ဝိုင်းအပြင်ကို တကွပ်ကွပ်အော်ကာ ပြေးထွက်သွားသည်။ အာဂမောင်ကလည်း ရွှေနီလင်းနှင့် စက္ကန့်ပိုင်းလောက်ပဲခြားပြီး ထလာကာရွှေနီလင်း အသံနောက်ကို လိုက်ချသွားသည်။ မျက်လုံးနှစ်လုံးပိတ်နေသော အာဂမောင်ကို ရွှေနီလင်းက ခေါ် ချသွားပါကလား။ အာဂမောင်ဘက်ကလူတွေရဲ့ အောင်ပွဲခံသံကြီးကို ကြားလိုက်ရတော့သည်။ အေးဘလည်း ခေါင်းငိုက်စိုက်ကျသွားတော့သည်။

ခေါင်းချင်းကပ်လျက် လဲကျသွားကြစဉ် ထိုကြက်နှစ်ကောင် တိုးတိုးပြောပြီး ညှိလိုက်ကြလေသလားဟုပင် ထင်ရလေသည်။ အေးဘမှာ ခြေကုန်လက်ပမ်းကျကာ ထိုင်ကျသွားသည်။ ပြေးကောင်းကောင်းနှင့် ပြေးထွက်သွားသော သူ့ကြက်ကို ငေါင်တောင်တောင် ကြည့်နေလေတော့ရာ အာဂမောင်ကို သူ့သခင်က ကောက်ယူလိုက်ချိန်တွင် ရွှေနီလင်းကို ဘအေးက ကောက်ယူလိုက်ရသည်။

နိုင်သူတွေက ငွေပိုက်ကြက်ပိုက် တပျော်တပါး ပြန်သွားကြချိန်တွင် ရှုံးသူတွေကတော့ တောက်တခေါက်ခေါက်နှင့် လေးကန်စွာ ပြန်သွားကြသည်။ အေးဘမှာ ရေကုန်ရေခမ်း ၃ နာရီလောက် အသည်းကောင်းကောင်းဖြင့် တိုက်ခိုက်ခဲ့ပြီးမှ ရှုပ်ပျက်ဆင်းပျက် အရှုံးပေးလိုက်သော ရွှေနီလင်းကို ကိုင်မကြည့်ချင်လောက်အောင် စိတ်အပျက်ကြီး ပျက်သွားပုံရသည်။ ဘအေး ကောက်လာပေးတာကိုပင် လက်ကမ်းမယူဘဲ ငေါင်ပြီး ကြည့်နေလေသည်။

"ရွှေနီလည်း အသည်းကောင်းကြောင်း သက်သေထူခဲ့တာပါပဲ အေးဘရာ၊ ဘယ်တတ်နိုင်ပါ့မလဲ။ တောဂျွန်တဲ သွားကြမယ်ကွာ။ ထတော့ဟေ့ကောင်"

mgyoe.com

ကြက်ကိုတစ်ဖက်က ပိုက်ပြီး ကျန်လက်တစ်ဖက်ဖြင့် အေးဘကို ဘအေး ဆွဲထူလိုက်သည်။ အေးဘ ကုန်းထလိုက်သည်။ ဘအေးလက်ထဲက ရွှေနီလင်းကို လှမ်းယူလိုက်သည်။

"ထန်းရည်နဲ့ မြည်းဖို့ပဲတန်တဲ့ကောင်၊ အနိုင်ကနေ ရှုံးသွားရတယ်လို့ကွာ။ ပွဲသိမ်းခွင့်ရရဲ့သားနဲ့ မသိမ်းဘူး။ သိမ်းမယ့်သိမ်းတော့ ကြောက်ချီးပါပြီး သိမ်းတယ်"

"ရွှေနီလင်းလည်း မျက်လုံးထိသွားရတာပဲကွ"

အေးဘက ခေါင်းတခါခါ လုပ်နေသည်။ ဘအေးကပဲ အေးဘကို ပခုံးဖက် ခေါ်လာခဲ့ရလေသည်။ ရှုံးသူနှင့် နိုင်သူကတော့ အဖြေပေါ်သွားခဲ့ပြီ ဖြစ်သည်။ နေလည်းဝင်သွားခဲ့ပြီဖြစ်သည်။ တောဂျွန်ထန်းတဲမှာလည်း ထန်းရည်တွေက အချဉ်ဘက်ကို ကူးနေပြီဖြစ်သည်။ အရက်ချက်တော့မည့် ထန်းရည်တွေကို အေးဘတို့အဖွဲ့က နေဝင်ညကူး အပြတ်ဖြတ်ပေးလိုက်ကြတော့သည်။

အေးဘသည် အိမ်သူအိမ်သားတွေ အိပ်သွားကြပြီဖြစ်လေရာ မီးဖိုချောင်ထဲ ဝင်လိုက်သည်။ အမှောင်ထဲမှာပင် အေးဘက သူ့အိမ်ကို အလွတ်ရနေသည်။ ဦးသီးအေး စားသောက်ပြီး အုပ်ဆောင်းအုပ်ထားသော ထမင်းဝိုင်းကို အုပ်ဆောင်း ဖွင့်လိုက်ပြီး ထမင်းအိုးထဲလက်စမ်းနှိုက်ကာ ထမင်းထည့်လိုက်သည်။ ထမင်းဝိုင်းမှာ ထိုင်ချလိုက်ပြီး ငပိဖျော်နှင့် ထမင်းနယ် ဖပ်နေချိန် ရွှေနီလင်းကို သတိရလာသည်။ မျက်ရည်ကျလာသည်။ ရွှေနီလင်းကို သူ ဆုံးရှုံးလိုက်ရလေပြီ။ တစ်ပွဲလေး ရှုံးလိုက်ရတာနှင့်ပင် အသည်းကောင်းသော သူ့ရွှေနီလင်းကို ချက်မြည်းလိုက်မိသည့်အတွက် နောင်တရလာပုံ ရပါသည်။

အေးဘသည် နယ်လက်စ ထမင်းထဲ ဘာဟင်းမှ မထည့်တော့ဘဲ ပါးစပ်ထဲကို အတင်းထိုးသိပ်နေသည်။ တစ်ချက်နှစ်ချက် ဝါးလိုက်ပြီး မြို့ချသည်။ ထမင်းက လည်ချောင်းတွင် တစ်ဆို့နေသည်။ တအုအုနှင့် လေထသလို ဖြစ်လာသည်။ ထမင်း နင်လာသည်။ စားပွဲက ထလိုက်ပြီး သောက်ရေအိုးဆီ စမ်းသွားလိုက်ကာ ရေတစ်ခွက်ခပ်ပြီး မျှောချလိုက်သည်။ ထမင်းကနင်နေရသည့်အထဲ ရွှေနီလင်း အတွက် စိတ်မကောင်းဖြစ်ကာ ရင်ဆို့လာရသည်။ ရေတစ်ခွက် ထပ်ခပ်ပြီး ထမင်း စားပွဲဆီ ယူလာခဲ့သည်။

မျက်ရည်စက်လက်ဖြင့် ထမင်းမျှောချနေသော အေးဘကို ကြည့်ရသည်မှာ စိတ်မကောင်းစရာဖြစ်သည်။ အေးဘသည် ယခုတစ်ခါဘဲ ကြက်ရှုံးဖူးသည် မဟုတ်ပါ။ မကြာခဏ ရှုံးတတ်ပါသည်။ ကြက်ရှုံးတိုင်းလည်း အေးဘက ဝမ်းနည်းစွာ

mgyoe.com

mgyoe.com SAMPLE BOOK

သောက်သည်။ ကြက်နိုင်လျှင်တော့ ပျော်ပြီး ပိုသောက်သည်။ အေးဘ ကြက်ရှုံး၍ သောက်ပြီးတိုင်း အခုလို စိတ်ဓာတ်ကျသွားတတ်သည်ပင် ဖြစ်သည်။ အေးဘတစ်ယောက် ကြက်လောင်းတာ စွန့်လွှတ်တော့မည်ဟု ထင်ရလောက်အောင် စိတ်ပျက်စိတ်ကုန်သွားသည့်ပုံစံ ဖြစ်နေသည်။ သို့သော် အေးဘသည် လောင်းကစားလုပ်ရန်အတွက် လူဖြစ်လာရသူ ဖြစ်ပါသည်။

အေးဘ မျက်ရည်ကျရလောက်အောင်အထိ အရှုံးနာခဲ့ရသော ယနေ့ ကြက်ပွဲကကော၊ အေးဘကို လောင်းကစားနှင့် အိုးစားကွဲစေတော့မည်လား။ သို့ထင်လျှင် ထိုထင်မြင်ချက်မှားယွင်းကြောင်း သက်သေပြဖို့ အေးဘ အသင့်ရှိနေပါသည်။ အေးဘတစ်ယောက် ဘယ်လိုဆက်စခန်းသွားမလဲ ဆိုတာကိုပဲ စိတ်ဝင်စားတာက ပိုသေချာစေပါလိမ့်မည်။ အေးဘတွင် ကျည်ထောက်စွပ်မှ ခဏတာ ဖြောင့်သည့်အမြီး မရှိသော်လည်း အေးဘ၏ အရှုံးခံစားမှုသည် ကျည်ထောက်ထဲ ခဏတာ ဖြောင့်မည့် ခွေးမြီးအတိုင်းပင် ဖြစ်ပါသည်။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# (၄)

မအိပ်မနေ အသက်ရှည်ဟူသော စကားအဆိုကို အေးဘ လက်တွေ့ကျင့်သုံးရမည့်အချိန် ရောက်လာခဲ့ပြန်ပြီဟု ဆိုရပေမည်။ အေးဘသည် ထမင်းစားပြီးသည့်နောက် အိပ်ရာဆီသို့ မသွားဘဲ အိမ်အောက်ကို ပြန်ဆင်းလာခဲ့သည်။ သည်ညမှာ ခါတိုင်းညတွေထက်ပင် ပို၍မှောင်နေသည်ဟု ထင်ရသည်။ အမှောင်ထဲတွင် လှုပ်ရှားနေသော အေးဘသည် ကျွမ်းကျင်အဆင့်ရောက်နေပြီ ဖြစ်သည်။ အမှောင်သည် မမြင်ရသော အေးဘမျက်လုံးတွေကို တားဆီးနိုင်သော်လည်း ခိုးကြောင်ခိုးဝှက်လှုပ်ရှားရာတွင် ပါရမီပါသည့် အေးဘဖြစ်ကြောင်း ယုံမှားသံသယ မဝင်နိုင်စေမည့် အလေ့အကျင့်ပြည့်ဝသူ အေးဘ ဖြစ်သည်။ အေးဘသည် အိမ်အောက်တွင် ထိုးထားသော စင်ပေါ်တက်လိုက်ပြီး ငုတ်တုတ်ထိုင်လျက် ရှိသည်။

မလှုပ်မရှက် အကြာကြီးထိုင်နေသည်မှာ ထိုင်လျက် အိပ်ပျော်နေသလားဟု ထင်ရသည်။ အမှောင်ထဲတွင် ရိပ်ခနဲမြင်နိုင်သည့် လှုပ်ရှားမှုမျိုး မဖြစ်စေရဟု အဓိဋ္ဌာန်ပြုထားခြင်းလေလားဟု ထင်ယောင်ဖွယ် ငြိမ်သက်မှုကြီး ဖြစ်ပါသည်။ ညဥ့်ဦးယံကြက်တွန်သံတွေကို ဟိုအိမ်သည်အိမ်ကနေ အေးဘ ကြားနေရသည်။ သူ့ရွှေနီလင်း၏ တွန်သံကို မကြားရတော့ အေးဘရင်ထဲ ဆို့သွားသည်။ ကြက်တွန်သံဆိုလျှင် ရွှေနီလင်း၏တွန်သံကိုသာ အေးဘကြားနေကျဖြစ်သည်။ အခြားကြက်တွေ၏ တွန်သံသည် သူ့နားထဲကိုပဲရောက်ပြီး သူ့ရင်ထဲကို ရောက်လာလေ့ မရှိပေ။

mgyoe.com

mgyoe.com
SAMPLE BOOK


ရင်ထဲက ပျို့ချင်သလိုလို ဖြစ်လာသည်။ ထန်းရည်နှင့်မြည်းထားသော ရွှေနီလင်း အသားတွေက ရင်ထဲကနေ တွန်းထိုးတက်လာနေတာလားဟု အေးဘတွေးကာ မျက်ရည် ကျလာရပြန်သည်။

အေးဘက သူ့ဗိုက်ကို စမ်းလိုက်သည်။ ဗိုက်ထဲက လှုပ်ရှားမှုတွေကို သူ ခံစားနေရသည်။ ရွှေနီလင်းအသားတွေ အသက်မထွက်နိုင်သေးဘဲ လှုပ်ရှားနေ တုန်းလား။ သူ့ဗိုက်ပေါ် တင်ထားသော လက်ဝါးကို တောင်ပံဖြင့် လှမ်းရိုက်လိုက် သလိုခံစားလိုက်ရပြီး သူ့လက်ဖဝါးကို အထိတ်တလန့် ဖယ်လိုက်သည်။ တောင်ပံ ခတ်တာကို မထိတွေ့ရသော်လည်း တောင်ပံခတ်သံတွေကို သူကြားနေရသည်။ အသည်းကောင်းသော ရွှေနီလင်းသည် အသက်ပြင်းနေဆဲရှိနေသည်ကောဟု မူးမူးနှင့် ရူးမတတ် သူ ခံစားလိုက်ရသည်။

အေးဘ၏ ဝမ်းခေါင်းထဲတွင် ရွှေနီလင်းသည် လွတ်လွတ်ကျွတ်ကျွတ် တောင်ပံခတ်၍မရဘဲ ရှိနေပုံရသည်။ တောင်ပံတွေက နံရံကိုတိုက်မိပြီး ပြန်ကျသွား ပုံမျိုး ဖြစ်နေသည်။ အပေါ် အထိရောက်အောင် ဖြန့်ခတ်၍ မရပုံပင်။ ကြက်တွန် သံတွေကို သူကြားနေရဆဲဖြစ်သည်။ အခြားသော ကြက်တွန်သံတွေကြားထဲကနေ ရွှေနီလင်း၏တွန်သံကို သူဖျတ်ခနဲ ကြားလိုက်ရသည်။ သူ ထိတ်ခနဲဖြစ်သွားသည်။ ရွှေနီလင်း၏တွန်သံကို သူ့နားက ကောင်းကောင်းကျက်မိထားပြီး ဖြစ်သည်။ ရွှေနီလင်း၏ တွန်သံအစစ် ဖြစ်သည်။

အေးဘ မျက်ရည်ကျရုံသာမကတော့ဘဲ အသံထွက် ငိုချလိုက်သည်။ သူ့ရှိုက်ငိုသံနှင့်ရောကာ ရွှေနီလင်း၏တွန်သံကို သူကြားရသည်။ ရွှေနီလင်း၏ အသားတွေက သူ့ဗိုက်ထဲတွင် ထတွန်နေကြပုံရသည်ဟု သူတွေးသည်။ သူ ငုတ်တုတ်ထိုင်နေရာကနေ စင်ပေါ် မျက်လုံးဝေ့ ကြည့်သည်။ မှောင်နေသဖြင့် ဘာကိုမျှ သဲသဲကွဲကွဲ မမြင်ရပေ။ ရွှေနီလင်း၏တောင်ပံတွေက သူ့ဗိုက်နံရံကို ဆက်တိုက် ရိုက်ခတ်နေသည်။ သူပါးစပ်ဟလိုက်တိုင်း အခြားသောကြက်တွေ၏ တွန်သံနှင့်အတူ သူ့ပါးစပ်ထဲကနေ ရွှေနီလင်းတွန်သံတွေ ထိုးထွက်လာသည်။ ပါးစပ်နားကို သူ့လက်ဝါးနှစ်ဘက်ဖြင့် အသာအယာကပ်ကာ ကြက်ဖမ်းသလို ဖမ်းကြည့်သည်။ လက်ဖဝါးချင်း ထိသွားသည်။ ရွှေနီလင်းသည် သူ့လက်ထဲကနေ ဖြုတ်ခနဲ ရှန်းထွက်သွားပုံရသည်။

ကြက်တွန်သံတွေ ရပ်သွားကြပြီဖြစ်သည်။ ကြက်တွေ အိပ်သွားကြပုံရ သည်။ ရွှေနီလင်း၏ တွန်သံတွေလည်း ပျောက်သွားသည်။ သို့သော် ရွှေနီလင်းက

mgyoe.com

အိပ်၍ မရသေးပုံ ရှိသည်။ သူ့ဗိုက်ထဲတွင် ကျဉ်းကျုတ်နေ၍ အိပ်မရတာ ဖြစ်ပေလိမ့်မည်။ တောင်ပံခတ်တာကိုတော့ မခံစားရတော့ပေ။ အေးဘသည်လည်း ရွှေနီလင်းလိုပင် အိပ်၍မရပေ။ စင်ပေါ်လှဲချလိုက်ပြီး အိပ်ကြည့်သော်လည်း အိပ်၍မပျော်ပေ။ ရွှေနီလင်းက သူ့ဗိုက်ထဲတွင် လူးလွန့်နေသလို အေးဘကလည်း စင်ပေါ်တွင် လူးလိမ့်နေသည်။

လှေမျောရင် လှေနဲ့လိုက်ဟူသောစကားကို အေးဘ ကြားဖူးပါသည်။ သို့သော်လည်း ငွေမျောလျှင် ငွေနှင့်လိုက်ဟူသော စကားကိုသာ အေးဘက လက်ကိုင်ပြုပါသည်။ ငွေကလည်း ခဏခဏ မျောနေလေရာ အေးဘကလည်း ငွေဖြင့်လိုက်ရင်း မျောသည့်ငွေထက် လိုက်သည့်ငွေကပဲ များများလာရသည်။ ငွေလိုလျှင်ငွေနှင့်ရင်းရသည် ဟူသောစကားကိုလည်း အေးဘက လက်ကိုင် ထားပါသေးသည်။ အေးဘသည် ထိုစကားကို အလကားစကား၊ အရာမထင်သည့်စကား မဖြစ်စေခြင်းငှာ သက်သေထူဖို့ မကြာခဏ ကြိုးစားခဲ့ပါ၏။ သို့ဖြင့် ရင်းလိုက်ရသည့်ငွေတွေ မနည်းတော့ပေ။ လိုသောငွေကတော့ မျက်နှာပြရုံလောက်သာ ခဏတဖြုတ်ရောက်လာတတ်ပြီး ပြန်ထွက်သွားကြသည်။

ထိုပြန်ထွက်သွားသော ငွေတွေကို ပြန်ခေါ်လာရန်အတွက် အေးဘက အခေါ်ငွေတွေ လွှတ်လိုက်ရပြန်သည်။ အခေါ်ငွေတွေကလည်း ပြန်ပေါ်မလာကြတော့ပြန်ပေ။ အေးဘ၏ရတနာသိုက်သည် လောင်းကစားဝိုင်းတွေမှာသာ ရှိလေသည်။ တစ်ခါတစ်ရံကျတော့ အမိဆီမှာ ရတနာသိုက်ညွှန်း ပေါ်နေတတ်ပြန်သည်။ အေးဘ လောင်းကစားလုပ်နေခြင်းသည် ရတနာသိုက် တူးဖော်နေခြင်းသာဖြစ်သည်။ ရတနာတွေ မတွေ့သေးတော့ သူ့ရတနာတူးဖော်ရေးကို လူတွေက ပြက်ရယ်ပြုနေကြခြင်းသာ ဖြစ်ပါသည်။ ရတနာတွေရသည့်အခါ လူတွေကို သူဖျာခင်းပြလိုက်ချင်ပါသေးသည်။

လူးကာလိမ့်ကာဖြင့် အိပ်၍မရဖြစ်နေသော အေးဘသည် မိုးလင်းလာမှာကိုလည်း ကြောက်လာသည်။ မိုးလင်းလာပြီဆိုသည်နှင့် အကြွေးတောင်းသူတွေကလည်း မနက်နေခြည်နှင့်အတူ အိမ်ကို ရောက်လာကြတော့မည်။အမိ၏ရတနာသိုက်ကို လာတူးဆွကြတော့မည်ဖြစ်သည်။ အမိကလည်း အေးဘ မပြောသရွေ့ ဘယ်သူ့အကြွေးကိုမှ အတည်ပြုပြီးဆပ်ပေးမည် မဟုတ်ပေ။ ထိုသို့သာ အကြွေးလာတောင်းတိုင်း အမိရတနာသိုက် ဖွင့်ပေးစတမ်းဆိုလျှင် အေးဘသည် အမိအား အကြောင်းကြားရန် လာစရာမလိုတော့ဘဲ အမိနှင့်ဝေးရာ ဝိုင်းတစ်ဝိုင်း

mgyoe.com

mgyoe.com
SAMPLE BOOK

ဝိုင်းကို သွားနေမည်ဖြစ်သည်။

အေးဘက အမိနှင့်ရင်ဆိုင်ရမှာကို မကြောက်ပေ။ နှမနှင့် ထိပ်တိုက်တွေ့ရမှာကိုပဲ ကြောက်သည်။ အကြွေးရှင်တွေကလည်း မိညက်အေးနှင့် တွေ့ရမှာကို ကြောက်ကြသည်ပင်။ လောင်းကစားဝိုင်းက အကြွေး၊ လောင်းကစားသမားကို ချေးငှားသည့်အကြွေးတွေကို ဆပ်ရန်တာဝန်မရှိကြောင်း မိညက်အေးက ကြေညာမောင်းခတ်ထားပြီး ဖြစ်သည်။ ရွာရိုးကုန်းပေါက် ကြေညာထားခြင်း ဖြစ်သည်။ သည်ကြားထဲကမှ ချေးသူကချေးလျှင် ချေးသူ၏တာဝန်သာဖြစ်ရမည်ဟုလည်း ရာဇသံ ပေးထားသည်။

အေးဘသည် ကျေးဇူးရှင် မွေးသမိခင်အား သူ၏အကြွေးစာရင်းကို တင်ပြရန်အတွက် အိမ်ကိုပြန်ရောက်လာခြင်း ဖြစ်သည်။ မနက်မျက်လုံးအပွင့်တွင် အမိနှင့်နှမပြိုင်တူပွင့်ကြသည်။ ပြိုင်တူထကြသည်။ အမိနှင့်နှမက အတူအိပ်ကြသည်ဆိုတော့ တစ်ယောက်နိုးသည်နှင့် တစ်ယောက်ကို နှိုးပြီးသားဖြစ်နေကြသည်။ အိပ်နေသောအမိကို နှိုးပြီး အကြွေးစာရင်းအစီရင်ခံရန်မှာလည်း နှမရှိနေသဖြင့် ထိုလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်၍ မရပေ။

အေးဘ၏ သောကနှင့် အခက်အခဲကို အမှောင်ထဲမှာပင် ကြည့်တတ်လျှင် တွေ့နိုင်ပါသည်။ အေးဘသည် အခုလိုအခက်အခဲမျိုးတွေကို အရင်ကလည်း ကြုံဖူးသည်ပင် ဖြစ်သည်။ ခဏခဏကြုံဖူးသဖြင့် သူ၏အခက်အခဲ ဖြေရှင်းခြင်း စစ်ဆင်ရေးကို နှမမိညက်အေးကလည်း သိရှိနေပြီဖြစ်သည်။ အမိနှင့်အတူတကွ အိပ်ခြင်း၊ အမိအနားတွင်ကပ်၍ ကူညီလုပ်ကိုင်ပေးခြင်း ဟူသော ကာကွယ်မှုသည် သူ၏ မကြာခဏ စစ်ဆင်ရေးဗျူဟာတွေကြောင့် ပေါ်ပေါက်လာရခြင်း ဖြစ်လေသည်။ ယခုတစ်ကြိမ်တွင် အေးဘသည် အဘယ်စစ်ဆင်ရေးနည်းစနစ်ကို ကျင့်သုံးရလေမလဲ။

ဓာတ်မီးရောင်တစ်ခု လှုပ်လှုပ်ရှားရှား တွေ့လိုက်သဖြင့် အေးဘသည် စင်ပေါ်တွင် လဲလျောင်းနေရာက လူးလွှားထလိုက်သည်။ စင်ပေါ်ကနေ မြေအောက်ကိုဆင်းချလိုက်ပြီး အကွယ်တစ်ခုတွင် နေရာယူလိုက်သည်။ အမှောင်ထဲမှာပင် အေးဘ၏ ကျွမ်းကျင်မှုကို အတိမ်းအစောင်းမရှိ တွေ့နိုင်ပါသည်။ ထိုကျွမ်းကျင်မှုသည် အေးဘကိုယ်တိုင် လေ့ကျင့်ထားသော ကျွမ်းကျင်မှု မဟုတ်ပေ။ အေးဘသည် လောင်းကစားနည်းလမ်းတွေကလွဲလျှင် ကျွမ်းကျင်အောင် လေ့ကျင့်ထားရမည့်ကိစ္စ ဤကမ္ဘာလောကတွင် ရှိသည်ဟူ၍ ထင်မှတ်သူ မဟုတ်ပေ။ လေ့ကျင့်ထားအပ်

mgyoe.com

mgyoe.com SAMPLE BOOK

သည်ဟုလည်း တွက်မထားပေ။ ယခုကျွမ်းကျင်မှုများသည် သူမဖြစ်မနေ ရင်ဆိုင်ခဲ့ရသည့် အကြိမ်များစွာ၏ ရလဒ်သာဖြစ်လေသည်။

ဓာတ်မီးဖြင့် အောက်ကို ဆင်းလာသူသည် အမိဖြစ်ပါစေဟု အေးဘ ဆုတောင်းသည်။ အေးဘတို့အိမ်၏ အိမ်သာသည် အိမ်မကြီးနှင့် အနည်းငယ်ဝေးပါသည်။ မီးဖိုချောင်လှေကားကနေ ဆင်းလိုက်ပြီး ရေတွင်းကို ကျော်ရသည်။ ထို့နောက် စပါးကျီ၊ စပါးကျီနှင့်ကပ်လျက် ဆောက်ထားသော ပစ္စည်းသိုခန်းတို့ကို ကျော်ပြီးမှ အိမ်သာကိုရောက်သည်။ အမိဖြစ်ပါစေဟု အေးဘ ဆုတောင်းသော်လည်း အခင်းကြီးကိစ္စရှိမှသာ အမိက ညဘက်တွင် အိမ်သာဆင်းသည်။ အပေ့ါအပါးကိစ္စကို အိမ်ပေါ်မှာရှိသည့်အိုးနှင့် ကိစ္စပြီးသည်။ ညဘက်ကြီး အမိအိမ်သာဆင်းသည်ဆိုလျှင် ဝမ်းမကောင်း၍သာ ဖြစ်မည်။ ဝမ်းနုတ်ဆေးစားထား၍သာ ဖြစ်မည်။ ပုံမှန်ဆိုလျှင်တော့ ညဘက် အလေးသွားလေ့ နည်းလှသည်။ သို့ဖြစ်လေရာ အေးဘ ဆုတောင်းက အားနည်းလှသည်။

မီးရောင်က အောက်တည့်တည့်ကိုချည်း စိုက်ထွန်းထားတာ မဟုတ်။ ဘေးဘီဝဲယာ လှည့်ပတ်ထွန်းနေသည်ဖြစ်ရာ မိညက်အေးဖြစ်ကြောင်း မီးရောင်က အေးဘ စိတ်ပျက်အောင် ကြေညာလိုက်သည်။ မိညက်အေးက အိမ်အောက်ရောက်သွားသည့်အချိန်တွင် စင်ပေါ်အပါအဝင် ဟိုသည် မီးထိုးကြည့်နေသေးသည်။ စင်ပေါ်တွင် မူးမူးနှင့်အိပ်နေတတ်သော အစ်ကိုဖြစ်သူကို တွေ့လိုတွေ့ငြား ထိုးကြည့်တာဖြစ်သည်။

အေးဘသည် သူ့နှမအိမ်သာတက်ချိန်ကို တွက်ချက်ကြည့်ပြီး အမိကို နှိုးပြောမည့်အချိန်နှင့် ချိန်ကြည့်သည်။ အမိက တောင်မေးမြောက်မေး စစ်ဆေးမေးမြန်းနေလျှင် အချိန်လုံလောက်မည်မဟုတ်ဟု အေးဘ တွေးသည်။ အမိကလည်း မမေးမမြန်း၊ မစစ်မဆေးဘဲနေမည် မဟုတ်ပေ။ အမိကို နှိုးပြောမည့်အကြံကို အေးဘ လက်လျှော့လိုက်သည်။ မှောင်မှောင်မည်းမည်းထဲမှာပဲ ကျင့်သားရနေသော အေးဘ အိမ်ပေါ်တက်သွားသည်။ အဝတ်အစားတစ်ချို့ကို သိမ်းကျုံးယူလိုက် သည်။ အေးဘဆီက အကြံသစ်ဉာဏ်သစ် ထွက်လာလေမလား မျှော်လင့်နေသူတွေအတွက် စိတ်ပျက်စရာဖြစ်သည်။ အေးဘတွင် အကြံသစ်ဉာဏ်သစ်များထုတ်နိုင်သည့် ခေါင်းမရှိတာကို နားလည်ပေးရပေတော့မည်။

အေးဘသည် မိညက်အေး အိမ်ပေါ်ပြန်တက်သွားသည့် အချိန်အထိ စောင့်နေပြီးမှ စင်ပေါ်ကိုပြန်တက်ပြီး လှဲလိုက်သည်။ အိမ်ကနေ ထွက်သွားဖို့ရာ

mgyoe.com

mgyoe.com SAMPLE BOOK

နည်းနည်း စောသေးသည်။ ယခုတစ်ခေါက် ဘယ်ရွာကို ရှောင်တိမ်းရမလဲဟု စဉ်းစားသည်။ ထိုသို့စဉ်းစားရာတွင် သူ့အကြွေးတွေမရှိသောရွာကို ထည့်စဉ်းစားဖို့ အေးဘကို အထူးတလည် တိုက်တွန်းနေစရာမလိုပေ။ အကြွေးရှောင်သော အေးဘသည် အကြွေးရှိသောနေရာကိုလည်း ရှောင်ရမည်ကို အတွေ့အကြုံ ကောင်းကောင်းရထားပြီးဖြစ်၍ သည်ကိစ္စတွင် ရင့်ကျက်နေပြီဖြစ်သည်။

အေးဘခေါင်းထဲတွင် ထားဝယ်မြို့ပေါ်က ဘုန်းကြီးကျောင်းတွေသာလျှင် တဝဲလည်လည် ပေါ်လာတတ်သည်။ ထားဝယ်အထိ သွားရမည်ဆိုလျှင် ရွာညအိပ်ကားကိုစီးရမည်ဖြစ်သော်လည်း ရွာထဲကမစီးဘဲ ရွာပြင်က ထွက်စီးရမည်ကို အေးဘ မမေ့ပေ။ ရွာပြင်ကို ထွက်စီးခြင်းဖြင့် ရွာကလူတွေကို ရှောင်နိုင်သော်လည်း ကားအတူစီးသည့် ရွာသူရွာသားတွေကိုတော့ အေးဘရှောင်၍ မလွတ်ပေ။အတတ်နိုင်ဆုံး ရှောင်သည့်အနေဖြင့် ကားခေါင်မိုးပေါ် တက်လိုက်သည်။ ကားအတွင်းပိုင်း ပြည့်တော့မှ ကားခေါင်မိုးပေါ် တက်ကြသော်လည်း အေးဘကတော့ ကားခေါင်မိုးပေါ် တက်ပြီး ကားခေါင်းဘက်မှာ သွားထိုင်တတ်သည်။

အေးဘအိမ်ကနေ အဝတ်တွေယူပြီး ထွက်ခွာခြင်းသည် အနည်းဆုံး လချီကြာ အိမ်ကနေထွက်ခွာခြင်း ဖြစ်သည်။ သူ၏အကြွေးများကို အမိနှင့်နှမထံ လက်လွှဲထားခဲ့ပြီး ရှောင်တိမ်းခြင်းလည်းဖြစ်သည်။ အမိဆီမှာ သူ့အကြွေးကို လာတောင်းလျှင် အမိက သူစာရင်းပေးမထားသဖြင့် ဆပ်ပေးမည် မဟုတ်ကြောင်း အေးဘ သိသည်။ နှမဆီမှာတော့ အကြွေးတောင်းသူတွေက တောင်းဖို့ရွံ့ကြသည်။ အေးဘ ဘယ်ကိုရှောင်သွားသလဲဆိုတာကို စုံစမ်းကြမည်။ အေးဘ မြို့ပေါ် တက်သွားသည်ကို သိကြမည်။ မြို့ပေါ်မှာ အေးဘကို တကူးတက လိုက်ရှာကြမည့်သူတွေတော့ ရှိမည်မဟုတ်ပေ။ မြို့ပေါ်တက်ရမည့်အကြောင်းပေါ်လာတော့မှ ခရီးသွားဟန်လွှဲ ရှာကြပေမည်။

အေးဘကလည်း ဘုန်းကြီးကျောင်း တစ်ကျောင်းကျောင်းတွင် တည်းပြီးနောက် အလုပ်ထွက်ရှာမည်။ အလုပ်အတွက် အရင်းအနှီးရနိုင်သည့် နေရာတွေ ရှာမည်။ ပြီးလျှင် အလုပ်လုပ်တော့မည်ဖြစ်သည်။ အေးဘအတွက် အရင်းအနှီး ရနိုင်သောနေရာ၊ အရင်းအနှီးရနိုင်သူ ဟူသည်ကား ယူလိုက်ပေးလိုက်၊ ချေးလိုက် ဆပ်လိုက် လုပ်ဖူးနေကျ လုပ်ဖော်ကိုင်ဖက်တွေပဲရှိသည်။ အေးဘတို့လုပ်ငန်းက ကိုယ့်အချင်းချင်း ချေးငှားခြင်းကို လက်လွှယ်စေသောလုပ်ငန်းဖြစ်ပါသည်။ အေးဘသည် ဖဲရိုက်ဖက်တွေဆီက ငွေချေးကာ ဖဲဝိုင်းထဲ ဝင်ရောက်သွားခြင်းဖြင့် လုပ်ငန်း

mgyoe.com

mgyoe.com SAMPLE BOOK

စတင်ပေလိမ့်မည်။

အေးဘမှာ အပေါင်းအသင်းပေါလှသည်။ လောင်းကစားဖော်တွေ၊ လောင်းကစားဖက်တွေ ရပ်တိုင်းရွာတိုင်းမှာ ရှိသည်။လောင်းလုံး၊ ထားဝယ်၊ သရက်ချောင်း၊ ရေဖြူစသော ထားဝယ်လေးမြို့နယ်တွင် လုပ်ဖော်ကိုင်ဖက်တွေက မြို့ရောရွာတွေမှာပါရှိသည်။ အေးဘသည် နယ်လှည့်လောင်းကစားသူ မဟုတ်သော်လည်း ယခုလိုမျိုး လချီရှောင်ရပြီဆိုသောအခါ နယ်လှည့်ဖြစ်သွားရမြဲ ဖြစ်သည်။ နယ်လှည့်လိုက်၍ အကြွေးဖွဲ့ဆပ်စရာရလျှင် အေးဘ ရွာကိုပြန်လာတတ်သည်။ အေးဘသည် သူ့ရွာကိုချစ်သည်။ သူ့ရွာက လောင်းကစားဖော်တွေကို ခင်တွယ်သည်။ သူ့ရွာကလေကမှ ရှုရတာ လေဝသည်ဟု ထင်သည်။ သူ့ရွာကရေကမှ လေးလေးပင်ပင်ရှိသည်ဟု ထင်သည်။

ထို့ထက်ပိုမို အရေးကြီးသော အကြောင်းအချက်တစ်ခုလည်း ရှိပါသေးသည်။ အေးဘတို့ရွာတွင် ရဲစခန်း မရှိပေ။ ရဲစခန်းရှိသော အောက်ရေဖြူရွာနှင့် အေးဘတို့ရွာအကြားတွင် ရွာလေးရွာရှိသည်။ ရဲစခန်းရှိသော သကျက်တောရွာနှင့်ဆိုလျှင် ရွာရှစ်ရွာခြားပါသည်။ ပိုနီးသော အောက်ရေဖြူက ရဲတွေရောက်လာဖို့ ပင်လျှင် တကူးတက လာရမည်ဖြစ်သည်။ ထိုသို့ တကူးတက လာရောက်ရန်အတွက် ရဲစခန်းကို အထက်က လှမ်းငေါက်ရန်လိုသည်။ သို့မဟုတ်လျှင် ရဲတွေ၏အိတ်ကပ်တွေ ပြားချပ်သွားဖို့ လိုအပ်သည်။ ထိုသို့လျှင် ရဲတွေအတွက် ခက်ခဲသော အရောက်အပေါက်ကိစ္စသည် အေးဘတို့ရွာ၏ လောင်းကစားဝိုင်းတွေကို လုံခြုံစေလျက်ရှိလေသည်။ သို့ဖြစ်၍ အေးဘသည် သူ့ရွာကိုအချစ်ပိုရခြင်း ဖြစ်လေသည်။

အိမ်အတွက် ဘာမှလုပ်မပေးသည့်အပြင် အချိန်တန်လျှင် ထမင်း အဆင်သင့်ရှိသော အိမ်ရှိသည်။ အိမ်က ထမင်းဟင်းကို မက်စက်သည်။ သူနှင့် မျက်နှာချင်းဆိုင်တိုင်း ဘယ်တော့မှ မတည့်သော၊ သူ့ကိုနင်ဘဲငါဆ ပြောဆိုသည့်အပြင် အကြီးကို ပြန်ဆဲလေ့ရှိသော သူ့နှမကိုလည်း သံယောဇဉ်ကြီးလေသည်။ အေးဘမှာ အိမ်သံယောဇဉ် ဘယ်လောက်ကြီးပါစေ၊ လောင်းကစားလောက်တော့ မထွားဟု ဆိုရပေမည်။

နယ်လှည့် အလုပ်လုပ်သော်လည်း အခြေအနေမဟန်သောအခါ အေးဘသည် နယ်လှည့် အလုပ်လုပ်ရာကနေ နယ်လှည့်ရှောင်တိမ်းရသည့် အနေအထားကိုလည်း ရောက်သွားသည်။ တစ်ချို့က အေးဘကို ငွေရပေါက်ရလမ်းရှိသည့် အလုပ်တွေ ကမ်းလှမ်းကြပါသည်။ လောင်းကစားကလွဲလျှင် အေးဘသည် ဘယ်အလုပ်

mgyoe.com

mgyoe.com
SAMPLE BOOK

ကိုမှ လက်ကြောမတင်းနိုင်သဖြင့် အလုပ်တွေကို ငြင်းပယ်လိုက်သည်သာ ဖြစ်သည်။ တစ်လနှစ်လကနေ သုံးလေးလလောက် ကြာလာလျှင်တော့ အမိသည် အေးဘကို စိုးရိမ်လာတော့သည်။ ဘယ်ရောက်ဘယ်ပေါက်၍ ဘယ်အခြေဆိုက်နေပြီလဲဟု စုံစမ်းလာတော့သည်။

မိညက်အေးကလည်း အဆက်အသွယ်ပြတ်သွားသော အစ်ကိုကို တိတ်တိတ်ကလေး စုံစမ်းလာတော့သည်။ အေးဘနှင့် ပိုရင်းနှီးထိတွေ့သူတွေကို စုံစမ်းသည်။ အမိထံမှ စကားအစကို စောင့်ပြီး၊ အစ်ကို့သတင်းရနိုင်သည့် လောင်းကစားသမားများ၏ အကြွေးကို ဆပ်ပေးပြီး စုံစမ်းစေသည်။ ယင်းသို့ဖြင့် အေးဘ၏ အကြွေးတွေလည်း ဖြည်းဖြည်းချင်းဆပ်ပြီးသား ဖြစ်သွားတော့သည်။ ထိုအခါ ထိုသတင်းကို အေးဘထံပို့ရန်အတွက် လောင်းကစားဖက်တွေက အေးဘကို လိုက်ရှာတော့သည်။

ယခုတစ်ခေါက်ကတော့ အေးဘအတွက် ခက်ခဲနေသည်ဟု ဆိုရပေမည်။ သူချေးငှားနေကျတွေကိုယ်တိုင်က နယ်လှည့်ရှောင်ပြေးနေကြရသည်ကို အေးဘ တွေ့လာရသည်။ သူ့ကိုတွေ့တော့ အိမ်မှာကျန်ရစ်သူတွေက ဒုက္ခရောက်နေသဖြင့် အကူအညီပြန်တောင်းနေတာတွေကို ကြုံလာရသောအခါ အေးဘမှာ အရင်းအနှီးရှာဖို့ကိုပင် အဝင်အထွက်ခက်နေရသည့် အနေအထားကို ရောက်နေရလေသည်။ ဘုန်းကြီးကျောင်းတွင် တည်းခိုတာကလည်း သုံးလေးရက်လောက်ပဲရသည်။ ကျောင်းပြောင်း တည်းရသည်။ တစ်ကျောင်းတည်းတွင် အကြာကြီးတည်းလျှင် ဘုန်းကြီးတွေကလည်း မေးမြန်းတာ၊ ရွာအကြောင်းကြားတာတွေ ဖြစ်လာတော့မည်ဖြစ်သည်။

သည်တစ်ခါမှာတော့ အေးဘ အတော်ကလေး စိတ်ဓာတ်ကျသွားသည်။ သူ့ရွှေနီလင်းကို စိတ်ဆိုးမာန်ဆိုး သတ်ပစ်လိုက်မိသည့်အတွက်ကိုလည်း နောင်တရသည်။ ယှဉ်ကျိုးမရ ဖြစ်သည်။ ကြက်တစ်ကောင်ပိုက်ထားလျှင် လက်ချည်းသက်သက် ရှာရဖွေရတာထက် ပို၍ အလားအလာများသည်။ ပွဲတည်ဖြစ်လျှင်လည်း ကြက်ပိုင်ကို ငွေထုတ်ချေးမည့်သူ ရှိတတ်သည်။ ငွေစိုက် မလောင်းနိုင်သည့်တိုင် အောင် ရာခိုင်နှုန်းရနိုင်သေးသည်။ ကိုယ့်ကောင်က နိုင်သွားလျှင်လည်း နိုင်ကောင်ကြေးကလေးတွေ ပေးကြသဖြင့်ရတတ်သေးသည်။ ကြက်တစ်ကောင် ပိုက်ထားခြင်းသည် အလုပ်ရှိကြောင်း ကြေညာထားသလို ရှိသည်။

"တောက်၊ ငါ့ကောင်ကြီးရှိရင် ငါ ဒီလောက်ကြီး မဖြစ်ဘူးကွာ။ ဆွဲစရာ

mgyoe.com

mgyoe.com SAMPLE BOOK

ကောက်ရိုးမျှင်လေးတောင် မရှိရတဲ့အထဲ ရေပြင်ကြီးကလည်း ကျယ်လိုက်တာ"

အေးဘခေါင်းကို တဗျင်းဗျင်းကုတ်ရင်း လက်ဝါးစုံဖြင့် ဖိရိုက်ရိုက်နေလေသည်။ သို့သော်လည်း အေးဘခေါင်းထဲတွင် ရိုက်ထုတ်လျှင် စင်ထွက်လာမည့် အကြံအစည်ကောင်းတွေ သိုလှောင်မည့်အခန်း မရှိပေ။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# (၅)

ကြက်ပွဲ၊ နွားပွဲတွေလောက် ဖဲဝိုင်းကို အေးဘ စိတ်ဝင်စားလှသည်တော့ မဟုတ်ပေ။ ဖဲသမားတွေကတော့ ကိုယ်ကိုယ်တိုင်ချရသည့် ဖဲကိုပဲ အားရသည်ဟု အေးဘကို ပြောကြသည်။ ကိုယ့်လောင်းကြေးကို ကြက်တွေ၊ နွားတွေလက်ထဲ ထည့်ပေးထားရတာကြီးက ကိုယ်စွမ်းကိုယ်စ ညံ့ရာကျပါတယ်ကွာဟု သက်လွင်က ပြောတတ်သည်။

"ဖဲကမှ ကိုယ့်လက်နဲ့ကိုယ်ကိုင်၊ ကိုယ့်စိတ်တိုင်းကျ ကြိုက်သလို ချယ်လှယ်လို့ရတယ်။ မင်းတို့ကြက်ပွဲ၊ နွားပွဲတွေက ဒီကောင်တွေ အားကိုးပြီး လောင်းကြေး ထပ်ထားရတာ။ ကိုယ်လည်း ဝင်ပါလို့မရဘူး။ အားမလိုအားမရနဲ့ ကြည့်နေရတာ။ ကိုယ့်လောက် အသိမရှိတဲ့ကောင်တွေကို အားကိုးနေရတာကြီးကကို မဟုတ်သေးဘူးကွာ"

"ဒါကတော့ ကိုယ့်အကြိုက်နဲ့ကိုယ်ပေါ့ကွာ။ ဖဲဝိုင်းကျတော့ကော ဘာထူးလဲ။ ကျောက်ချထိုင်ပြီး ခါးအောင့် ဖင်ကျိန်း ထိုင်နေရတာပဲ။ စိတ်လှုပ်ရှားစရာရှိပေမယ့် ကိုယ်ကအသေကြီးလို နေရတာကွာ၊ ကြက်တို့နွားတို့ကျတော့ စိတ်ရောကိုယ်ရော လှုပ်ရှားရတာ။ လူလူချင်းထိုးတဲ့ လက်ဝှေ့ပွဲထက်လည်း ပိုစိတ်ဝင်စားဖို့ကောင်းတယ်။ လက်ဝှေ့ပွဲကျတော့ လူတွေပိပိ အကြံအဖန်တွေ ရှိသေးတယ်။ ကြက်တွေနွားတွေမှာ အကြံအဖန် မရှိဘူး။ ကိုယ့်အစွမ်းနဲ့ကိုယ်၊ ကိုယ့်ကျွမ်းကျင်မှုနဲ့

mgyoe.com

mgyoe.com SAMPLE BOOK

ကိုယ်တွယ်ကြတာ၊ တက်တက်ချင်း ချိုချိုချင်းပဲ"

"ဖဲကမှ သခင်ကွ၊ လူက ဖဲကိုခိုင်းတာ။ မင်းတို့ ကြက်ပွဲနွားပွဲကျတော့ ကြက်တွေနွားတွေက သခင်ဖြစ်နေတာ။ သူတို့ပေးမှရတဲ့ အနိုင်အရှုံးကြီးပဲ"

သက်လွင်က ကြက်ပွဲတွေ၊ နွားပွဲတွေ လိုက်အားပေးတတ်သော်လည်း လောင်းကြေးတော့ ဘယ်တော့မှ မထပ်ပေ။ သူက ကြက်တွေနွားတွေကို မယုံကြည်။ အေးဘကတော့ ကြက်ပွဲနွားပွဲ မရှိလို့သာ ဖဲဝိုင်းမှာ ဝင်ထိုင်တတ်သူ ဖြစ်သည်။ ကြက်ပွဲနှင့် နွားပွဲတိုက်နေလျှင် ကြက်ပွဲကို ဦးစားပေးသည်။ ကိုယ်တိုင်ကလည်း တိုက်ကြက်မွေးရတာ၊ တိုက်ကြက်ကိုင်ရတာကို သဘောကျသည်။ ကြက်ပွဲတစ်ပွဲ ချိန်းထားပြီးပြီဆိုလျှင် အေးဘတစ်ယောက် သူ့ကြက်ကို အထူးဝါယမစိုက် ကိုင်တော့သည်။ တိုက်ပွဲဝင် သူရဲကောင်းကို သင်ကြားပြသခွင့်ရသူအလား ဂုဏ်မောက်ခြင်းအတွက် သူ့အမောက်နှင့်သူ ရှိလေသည်။

သူ့ကြက်မပါလျှင်လည်း သူလောင်းကြေးထပ်မည့် ကြက်ကို ဝါယမစိုက်နေတတ်သည်။ ကြက်ပိုင်ဆီမှာ အထိုင်ချပြီး စေ့ဆော်နေတတ်သည်။ ရင်းနှီးသူဆိုလျှင် ကိုယ်တိုင် ဝင်ကိုင်ပေးတတ်သေးသည်။ ဘအေးကတော့ ပွဲချိန်းထားပြီးပြီဆိုလျှင် သူ့ကြက်ကိုသူ့ထက် ပိုဝါယမစိုက်သော အေးဘဆီ ပို့ထားတတ်သည်။ အေးဘကလည်း သည်လိုမျိုးဆိုလျှင် သူ့ကြက်လိုပဲ ဂရုတစိုက် ပြုပြင်ပေးထားတတ်သည်။ တစ်ခါတလေ အေးဘနှင့် ကြက်က ပိုအထာကျနေသည်ဆိုလျှင် ဘအေးအစား အေးဘ ဝင်ကိုင်ပေးတတ်သည်။ အေးဘမှာ ကြက်လာဘ်ရှိသည် ဟုပင် ဘအေးက ယုံကြည်နေတတ်သည်။

အေးဘတစ်ယောက် လချီပျောက်သွားသည့်ကာလများဆိုလျှင် ဘအေးမှာ အေးဘကို ကြက်ပွဲအမီ ပြန်လာလေမလား မျှော်တတ်သည်။ တစ်ခါတစ်ရံ အေးဘ မရှိချိန် ပွဲမတိုက်ဘဲ နေတတ်ပါသေးသည်။ သို့ဖြစ်၍လည်း အေးဘနှင့် ဘအေးမှာ နာမည်သာ ရင်ကျောချိန်းထားတာ မဟုတ်ဘဲ လောင်းကစားနှင့်ပတ်သက်လာလျှင် ရင်နှင့်ကျော တစ်ကိုယ်တည်းလို ဖြစ်နေတော့သည်။

အေးဘသည် စည်ကားနေသော ဖဲဝိုင်းတွေကို လှည့်ပတ်ကြည့်ရင်း ဝိုင်းဝတ်နေသည်။ သူ့လက်ထဲမှာ ငွေမရှိတော့ ဘေးကပဲ ငေးနေရသည်။ အသုဘတွေမှာ စည်ကားလေ့ရှိသော ဖဲဝိုင်းတွေမှာ အေးဘ ထိုင်လေ့ထိုင်ထ နည်းသည်။ အေးဘက ကြက်ပွဲနွားပွဲတွေလိုပဲ ဖဲဝိုင်းဆိုလျှင်လည်း တစ်ဝိုင်းတည်းသာရှိသော ချိန်းဝိုင်းတွေလိုမျိုးကိုသာ အာရုံကျသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

တစ်ဝိုင်းတည်းသာရှိသည်ဆိုတော့ ကိုယ့်ဝိုင်းကလူတွေ အိုကေနေလျှင်ပြီးပြီ။ အခြားဝိုင်းတွေပါရှိလျှင် ထိုအခြားဝိုင်းတွေက ပြဿနာတက်လျှင် ဘေးဝိုင်းတွေလည်း ကမောက်ကမ ဖြစ်ရသည်။ တစ်ခါတလေ ထသတ်ကြသည်အထိ ဖြစ်လာလျှင် ကိုယ့်ဝိုင်းကိုယ် အရင်သိမ်းရသည်။ ကိုယ့်ဝိုင်းနှင့်ကိုယ် ဇိမ်မကျနိုင်သောဝိုင်းဆက်ပွဲတွေကို အေးဘ ဝင်ကျဲသည်။

"ဟေ့ကောင်ကြီး၊ ဘေးကြည့်လုပ်နေတာလား၊ ဝင်ထိုင်စမ်းပါကွ၊ ဝိုင်းတွေက ငြိမ်ပါတယ်။ ကိုယ့်ဖဲကိုယ်ရိုက်ကြတဲ့ ကောင်တွေချည်းပဲ"

လင်းမောင်က အေးဘကို ပခုံးပုတ်ပြီး ပြောလိုက်သည်။ လင်းမောင်ကိုတွေ့လိုက်ရတော့ အေးဘမျက်နှာ လန်းသွားသည်။ လင်းမောင်ကို သူရှာနေသည်မှာ ကြာပြီ။

"ငါ လစ်လာတယ်ဆိုကတည်းက သဘောပေါက်တော့ပေါ့ကွ။ ငါ့ရွာငါ့စားကျက်မှာပဲ ငါနေတတ်တာ မင်းလည်းသိသားနဲ့"

"အတပ်သိတာပေါ့ကွာ။ ငါလည်းလစ်နေရတာပဲကွ။ အဲဒါကြောင့် ဝိုင်းထဲ မဝင်တာပေါ့။ ဒီလိုနေရာမျိုးဆိုတာက အကြွေးရှင်တွေ စောင့်နေတဲ့နေရာမျိုးမဟုတ်လား။ အခုတောင် အကြွေးရှင်နဲ့ တန်းတိုးရပြီ။ မင်းမို့လို့ နှုတ်ဆက်တာ၊ အခြားအကြွေးရှင်တွေ ဆိုရင်တော့ ငါအသာ လစ်သွားပြီ ဟားဟား"

လင်းမောင် ဖော်လိုက်တော့မှ လင်းမောင်ဆီမှာ သူ့ဖဲကြွေး ငါးထောင်ရှိနေတာကို အေးဘ သတိရသွားသည်။ အောက်ရေဖြူဝိုင်းမှာ တင်ခဲ့သော အကြွေးဖြစ်သည်။

"ကိုယ်မကိုင်ရတဲ့ အပွင့်တွေကို ငေးမနေပါနဲ့တော့ကွာ။ တစ်နေရာသွားပြီး နည်းနည်း ချကြရအောင်။ မင်းကို အကြွေးမဆပ်လောက်ပေမယ့် အရက်ဖိုးနှစ်ထောင်လောက်တော့ ရှိပါသေးတယ်ကွ"

လင်းမောင်ကအေးဘ ပခုံးကိုဖက်ပြီး အသုဘာဖဲဝိုင်းတွေကနေ ထွက်လာခဲ့ကြသည်။ လင်းမောင် အရက်ကြွေးမရှိသော အရက်ဆိုင်တစ်ဆိုင်ကို ချိတက်လိုက်ကြသည်။ လင်းမောင်က ဝဲကွျန်းထိန်သစ်တွင် အိမ်ရှိသည်။ အိမ်ရှိသော်လည်းထိုအိမ်တွင် လင်းမောင်မနေတာက များသည်။ အကြွေးရှင်တွေကို ရှောင်ရှားရင်းနယ်လှည့် ဖဲရိုက်နေသူဖြစ်သည်။ လင်းမောင်မှာ အကြွေးရှင်တွေကို ရှောင်ရင်းတိမ်းရင်းကနေ နယ်လှည့်ဖဲသမားဖြစ်နေသည်ဟုလည်း ဆိုနိုင်ပါသည်။

လင်းမောင်သည် အိမ်ကို မခင်တွယ်တတ်သူတော့ မဟုတ်ပေ။ သို့သော်

mgyoe.com